ရှမ်းဒွတ်ကျေးရွာ

ပုလောမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

---

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရှမ်းဒွတ်ကျေးရွာ၊ ပုလောမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


မာတိကာ ၁
စကားချီး ၄
ရှမ်းဒွတ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပုလောမြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** **၇**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉
(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉
(က) လူဦးရေဆိုင်ရာ အချက်အလက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၁
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၄
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၈

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀
- (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
- (ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
- (ဂ) ဦးစားပေး စီမံချက်များ
- (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈
- (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
- (ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
- (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
- (ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀
- (က) ကြီးကြပ်စစ်ဆေးခြင်း
- (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
- (ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၁

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၇၈

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၉
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၇၉

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ရှမ်းဒွတ်ကျေးရွာ၏ ကျေးရွာသူကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရှမ်းဒွတ်ကျေးရွာ

ပုလောမြို့နယ်

## ရှမ်းဒွတ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပုလောမြို့နယ်



**ရည်ညွှန်း**- ရှမ်းဒွတ်ကျေးရွာ၊ ရှမ်းဒွတ်ကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၅ခုနှစ်ဇူလိုင်လ ၂၂-၂၃ရက်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

## (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

## (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှု များ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ကြပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ဒေသတစ်ခု ဖြစ်ပါသည်။ ပုလော မြို့သည် တနင်္သာရီတိုင်းဒေသကြီး၏ အလယ်ပိုင်းတွင် တည်ရှိပြီး ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ မြိတ်မြို့ နှင့် တနင်္သာရီမြို့များဖြင့် ထိစပ်လျှက် ရှိပြီး ရန်ကုန် - ကော့သောင်း ကားလမ်းမကြီးနှင့် ဆက်သွယ်ထားပါသည်။

ရှမ်းဒွတ်ကျေးရွာသည် ရှမ်းဒွတ်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး၊ ပုလောမြို့မှ (၆) မိုင် ကွာဝေး ပါသည်။ ပတ်ဝန်းကျင်ရွာများမှာ စက်ပြင်ကြီးကျေးရွာ၊ အင်းမဝကျေးရွာ၊ ကိုင်းကြီးကျေးရွာ၊ ပုလောကုန်း ကျေးရွာတို့ ဖြစ်ကြပါသည်။ ပုလောမြို့နယ်၏ (၂၀၁၄) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၉) ရက် နှင့် မိုးရေချိန်မှာ (၂၀၇.၁၃) လက်မ အထိ ဖြစ်ပါသည်။

ပုလောမြို့နယ်သည် တနင်္သာရီရိုးမမှ ဖြာဆင်းလာသော တောင်တန်းများနှင့် မြေပြန့် လယ်ယာများပါဝင်သော ပင်လယ်ကမ်းရိုးတန်းဒေသတစ်ခုလည်း ဖြစ်ပါသည်။ ရှမ်းဒွတ်ကျေးရွာ သည် ပထဝီဝင် အနေအထားအရ တောင်ကုန်းများနှင့် ဆက်စပ်သောအပိုင်း ဖြစ်ပါသည်။ ရန်ကုန် - ကော့သောင်း ကားလမ်းမကြီးနှင့် (၃) မိုင်ခန့်ကွာဝေးပြီး မိုးတွင်းကာလတွင် စစ်ပြင်ကြီးကျေးရွာ အနီး၌ မြေသားလမ်းမှာ ရွှံ့ဗွက်များ ထူထပ်များပြားပြီး သွားလာရန် အလွန်ခက်ခဲပါသဖြင့် စက်လှေ ကို အသုံးပြု၍သာ ခရီးသွားလာခြင်း၊ ကုန်စည်များ ရောင်း၊ ဝယ်ခြင်းတို့ကို ပြုလုပ်ကြရသည်။ ရှမ်းဒွတ်ကျေးရွာသည် ဥယျာဉ်ခြံလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသ တစ်ခုလည်း ဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်များ

ပုလောမြို့နယ်သည် သဘာဝသယံဇာတနှင့် ပတ်သက်၍ အနည်းငယ်ထွက်ရှိသော ဒေသ ဖြစ်သည်။ ရှမ်းဒွတ်ကျေးရွာနှင့် (၆) မိုင်ခန့် ဝေးသော နေရာတွင် ခဲမဖြူကို တူးဖော်ရရှိသည်။ ရွာသူရွာသား များမှ ခဲမိုင်းများတွင် နေ့စား ဝင်ရောက် လုပ်ကိုင်ကြပါသည်။ လူနေထူထပ်လာခြင်း၊ ရာဘာစိုက်ခင်းများ ချဲ့ထွင်လာခြင်းများကြောင့် တောတိရစ္ဆာန်များ ရှားပါးလာပါသည်။ ဆေးဖက် ဝင်အပင်များအဖြစ် ရဲယိုနှင့် ခွေးသေးပန်းအပင်များ ပေါက်ရောက်ပါသည်။ သောက်သုံးရေအတွက် စိမ့်စမ်း ရေ အရင်းအမြစ်ကောင်းများ ရှိသော ကျေးရွာလည်း ဖြစ်သည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ-** ရှမ်းဒွတ်ကျေးရွာတွင် အိမ်ထောင်စု (၁၀၃) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၆၁၃) ဦး ရှိပါသည်။ ရှမ်းဒွတ်ကျေးရွာတွင်မူလတန်း၊ အလယ်တန်းကျောင်းသား အရွယ် အရေအတွက်သည် အလုပ်လုပ် ကိုင်နိုင်သည့်အရွယ်အရေအတွက်နှင့် ဆတူနီးပါးရှိခြင်း

ကြောင့် ပညာရေးတိုးတက်ဖွံ့ဖြိုးရန်အတွက် ရွာသူရွာသားများ ရင်းနှီးမြှုပ်နှံနိုင်မည်ဆိုလျှင် မကြာမီကာလများတွင်ပညာဗဟုသုတကို အခြေခံသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အားကိုးအားထားပြုလာနိုင်မည့် ကျေးရွာဖြစ် ပါသည်။

**(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု-** ကျေးရွာသူ/ရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှု နည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၇၆) ရာခိုင်နှုန်းနီးပါးမှာ ဆင်းရဲသား အိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စု (၁၂) အိမ်သာရှိပြီး လယ်နှင့် ဥယျာဉ် (၁၀) ဧကအထက်ပိုင်ဆိုင်သူများ ဖြစ်ကြသည်။ အိမ်အနေအထားမှာလည်း အိမ်ကြီးအိမ်ကောင်း(တောထန်းမိုး၊ပျဉ်ခင်း၊အုတ်ကာ)၊ တိုက်အိမ်ဖြစ်ပြီး လယ်ယာလုပ်ငန်းသုံးကိရိယာ(နွား၊လက်တွန်းထွန်စက်၊ခြွေလှေ့စက်၊မြတ်ရိတ်စက်)စသည်တို့ပိုင်ဆိုင်ကြပြီး ကုန်စုံဆိုင်၊ဆန်စက်စသည့်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ကြသူများဖြစ်ကြသည်။အလယ်အလတ်အိမ်ထောင်စုမှာ ဥယျာဉ် (၅ - ၁၀) ဧကကြား ပိုင်ဆိုင်ကြပြီးလယ်ယာသုံးကိရိယာအနေဖြင့် လက်တွန်းထွန်စက်၊ မြက်ရိတ်စက်များကို အသုံးပြုမှု များကြသည်။ အိမ်အခြေအနေအများစုမှာ သွပ်မိုး၊ ပျဉ်ကာ၊တောထန်းမိုးများဖြစ်ကြသည်။ ဝင်ငွေနည်းမိသားစုများအနေဖြင့် မြေ (၃-၅) ဧကပိုင်ဆိုင်ကြပြီးလယ်ယာသုံးအဖြစ် နွားကို အသုံးပြု၍လုပ်ကိုင်ကြသည်။ ကျေးရွာအိမ်ထောင်စု၏ (၃၂) ရာခိုင်နှုန်းဖြစ်သည်။ အိမ်အခြေအနေမှာ တောထန်းမိုး၊ ဝါးထရံကာများဖြစ်ကြသည်။ ဝင်ငွေအနည်းဆုံးမိသားစုများမှာ ဥယျာဉ်ခြံမြေ (၁-၂) ဧကပိုင်ဆိုင်ကြပြီးလယ်ယာသုံး ကိရိယာပိုင်ဆိုင်မှုမရှိသူများ ဖြစ်ကြသည်။ကျေးရွာအိမ်ထောင်စု၏ (၄၄)ရာခိုင်နှုန်းဖြစ်ပြီး ကျပန်းလုပ်ကိုင်ကြသူများဖြစ်ကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု-** ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၇၈) စု ရှိသည့်အနက် (၃၀) အိမ်ထောင်စုမှာ (၃ - ၅) လ အထိ ဝမ်းစာဖူလုံမှုရှိ၍ (၄၈) အိမ်ထောင်စုမှာ (၆) လနှင့်အထက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ကြပါသည်။ မြေယာမဲ့ကျပန်းသမားများမှာ အခြားသော အချိန်များတွင်မူ ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ-** ရှမ်းဒွတ်ကျေးရွာတွင် ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ အဖြစ်များကြသည်။ မိုင်ဝက်သာဝေးသည့် ပုလောကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း မိုးတွင်းကာလတွင် ချောင်းကူးရန်ခက်ခဲ၍ သာမန်အဖျားအနာကိစ္စများအတွက်သာ အားထားကြပြီး ပြင်းထန်သော ရောဂါများအတွက်မူ ပုလောမြို့နယ်ရှိ ပြည်သူ့ဆေးရုံသို့သာ အသွားများကြပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စု(၄၁) စုသာရှိ၍ အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာ သုံးစွဲနိုင်ရန် အသိပညာပေး ဆွေးနွေးခြင်း၊ စရိတ်နည်းသော ယင်လုံအိမ်သာများ ဆောက်လုပ်နည်းစနစ်များ ရရှိရန် လိုအပ်နေပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ-** ရှမ်းဒွတ်ကျေးရွာတွင် စာတတ်မြောက်မှုမှာ (၉၈.၂) ရာခိုင်နှုန်း ရှိပြီး အားလုံးနီးပါး မူလတန်းပညာ သင်ကြားခဲ့ကြရသည်။ရှေးကာလများစွာက နယ်မြေအေးချမ်းမှု မရှိခြင်းကြောင့် အလယ်တန်းနှင့်အထက်တန်းအထိ ပညာသင်ကြားခဲ့ရသူအရေအတွက်မှာ လွန်စွာနည်းပါးခဲ့ ပါသည်။ ယခုအခါအထက်တန်းအဆင့်တွင် (၃) ဦး၊ တက္ကသိုလ်တက်ရောက်နေသူ (၃) ဦးနှင့် ဘွဲ့ရဦးရေ (၃) ဦးအထိ ရှိလာပြီ ဖြစ်ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် ကွမ်းသီးပင်ကို အဓိကအားထားစိုက်ပျိုးပြီး မိမိတို့ ကျေးရွာနှင့်ကိုက်ညီဖြစ်ထွန်းသောကြောင့် အထူးတလည် ဂရုစိုက်ပြုစုစောင့်ရှောက်စရာမလို၍ ဆင်းရဲသားတောင်သူများအတွက် ဝင်ငွေရသီးနှံ တစ်ခုလည်းဖြစ်သည်။အဓိက မွေးမြူသော တိရစ္ဆာန်များမှာ ခိုင်းကျွဲ၊ခိုင်းနွားများသာဖြစ်ပါသည်။ အခြားသော တိရစ္ဆာန်များကို မွေးမြူလိုသော်လည်း ငွေကြေးအရင်းအနှီးများလက်လှမ်းမီလာရန်နှင့် မိမိတို့ကျေးရွာဝန်းကျင် ဈေးကွက်များနှင့် ချိန်ဆလုပ်ကိုင်နိုင်မည့် အသိပညာများ၊ မွေးမြူရေးအသိပညာများ ဆက်လက်လေ့လာရန် လိုအပ် အုံးမည်ဖြစ်ပါသည်။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု-** ရှမ်းဒွတ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေ အတူတူပင် ဖြစ်သည်။ အမျိုးသမီးတစ်ဦးလျှင် လုပ်အားခအဖြစ် တစ်နေ့လျှင် (၃,၅၀၀)ကျပ်နှင့် အမျိုးသားတစ်ဦးလျှင် (၄,၀၀၀)ကျပ် ရရှိကြပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင်အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာ အတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးကြီးအဖွဲ့၊ အမျိုးသမီး ရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်း နေဆဲ ဖြစ်ပါသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့ အစည်းများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန် စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်-** ရေရှမ်းကျေးရွာ၏ ဘာသာရေး၊ သာရေး/နာရေး၊ ပညာ ရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ လူငယ်အဖွဲ့၊အမျိုးသမီးအဖွဲ့၊ အမျိုးသမီးရေးရာ အဖွဲ့၊ မီးသတ်အဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ ခရစ်ယာန်အသင်းတော်အဖွဲ့နှင့် ကျောင်းကော်မတီအဖွဲ့စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်းဆက်သွယ် ဆောင်ရွက်မှု အားနည်းလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင် ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ပူးပေါင်းပါဝင် ရွေးချယ် ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွား မည် ဖြစ်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ-** ရှမ်းဒွတ်ကျေးရွာတွင်လယ်၊ ဥယျာဉ်ခြံနှင့် ရာဘာတို့ကို အဓိကထား စိုက်ပျိုးပြီး စုစုပေါင်း စိုက်ပျိုးမြေ (၅၉၂) ဧက ရှိပါသည်။ တောင်သူငယ်နှင့် အလယ်အလတ် တောင်သူများပေါများသည့် ကျေးရွာလည်းဖြစ်သည်။ ဥယျာဉ်ခြံ ဧရိယာသည် လယ်မြေထက် နှစ်ဆနီးပါးခန့်ရှိပြီး ဥယျာဉ်ခြံများတွင်လည်း ကွမ်းသီးပင်ကို အဓိကထား စိုက်ပျိုးပါသည်။ ကွမ်းသီး တစ်ဧကအထွက်နှုန်းမှာ ပျမ်းမျှ (၁၅၀)ပိဿာခန့်သာရှိသည့်အပြင် စပါးသည်လည်းတစ်ဧက (၂၀-၃၀)တင်းသာရှိသည် အတွက်ကြောင့် စိုက်ပျိုးရေးနည်းပညာများ လိုအပ်ချက်ရှိနေသည်သာမက စိုက်ပျိုးရေးထွက်ကုန်များအား ဈေးကွက် လက်လှမ်းမီသည်အထိ အရည်အသွေးမြင့် ထုတ်လုပ်မည်ဆိုပါက နှစ်ရှည်ချေးငွေများလည်း ရရှိရန် လိုအပ်လာမည်ဖြစ်ပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုရန်အတွက်ခိုင်းနွား၊ ခိုင်းကျွဲများကို အဓိကထားမွေးမြူကြပါသည်။ တစ်နိုင်တစ်ပိုင်သာ လုပ်ကိုင်ကြပြီး တိရစ္ဆာန်ရောဂါကျရောက်မှုနှင့် ပက်သက်သောဗဟုသုတနှင့်နည်းပညာ အားနည်းခြင်းကြောင့် ဆုံးရှုံးပျက်စီးမှုများ ရှိနေပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ-** ရှမ်းဒွတ်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများမှာ ဆန်စပါးကြိတ်ခွဲခြင်း၊ ပညာရေးဝန်ထမ်း၊ ဥယျာဉ်ခြံမြေအနည်းငယ်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်နှင့် ပန်းရံစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ လက်ဖက်ရည်ဆိုင်မှာလည်း ကြီးကြီးမားမားမရှိဘဲ ကုန်စုံဆိုင်နှင့်တွဲ၍ ဖွင့်ထားသည့်ဆိုင်မျိုးသာဖြစ်သည်။ ပန်းရံဆရာတစ်ဦးမှာလည်းနွေရာသီတွင်သာ အလုပ်အကိုင်ရရှိ၍ ကျန်သည့်အချိန်များတွင် အလုပ် မရှိပေ။ ဆန်စက် (၉) လုံး ရှိသော်လည်း ယခုအချိန်တွင် လည်ပတ်နေသော ဆန်စက်မှာ (၂) လုံးသာ ရှိပါသည်။ လယ်ယာမြေများမှာ အထွက်နှုန်းနည်းပါးသဖြင့် ဆန်စက်များမှာလည်း ပုံမှန်လည်ပတ်ရန် မလွယ်ကူချေ။ ကျပန်းလုပ်သားများမှာ ကောက်ရိတ်၊ တောခုတ်စသည့် အလုပ်ကြမ်းများကို လုပ်ကိုင်ကြရပြီး ဒေသပေါက်ဈေးအားဖြင့် အမျိုးသား(၄,၀၀၀)ကျပ်နှင့်အမျိုးသမီး(၃,၀၀၀)ကျပ် ရှိပါသည်။ အလုပ်အကိုင်ရှားပါးသည့်ကာလမှာ တစ်နှစ်လျှင်(၅)လခန့်ရှိ၍ စားဝတ်နေရေးအတွက် နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်နေသည့် မိသားစုဝင်များ၏ ပြန်ပို့ငွေများကို မှီခိုအားထားရ ပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု-** ကျေးရွာတွင်ရေကြီးခြင်း၊ တောမီးလောင်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ တစ်ခါတစ်ရံ ကြုံတွေ့ရသော်လည်း သဘာဝဘေးအန္တရာယ် လျော့ချခြင်းအစီအစဉ် တစ်စုံတစ်ရာ မရှိချေ။ ကျန်းမာရေးအာမခံ၊ မီးအာမခံ၊ အသက်အာမခံ စသည့်လုပ်ငန်းများမှာ ပုလောမြို့တွင်ပင် လက်လှမ်းမီမှု မရှိသေးပါ ။ ရဲစခန်းမှာလည်း ပုလောမြို့တွင်ပင်ရှိသဖြင့် ဆက်သွယ်မှုရရှိရန် အလှမ်းဝေးနေပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု-** မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ တောင်သူများအား လယ်တစ်ဧကလျှင် (၁၀၀,၀၀၀) ကျပ်နှုန်းဖြင့် (၁၀)ဧက အထိသာ အများဆုံးထုတ်ချေး ပေးနေပါသည်။ ချေးငွေကာလမှာ (၇)လ ဖြစ်ပါသည်။အတိုးနှုန်းမှာ (၀.၄၂ကျပ်/လတိုး) ဖြစ်သည်။ ငွေထုတ်ချေးရန်ပုံစံ (၇) လိုအပ်ပါသည်။ ချေးငွေစည်းမျဉ်းများ လျှော့ချနိုင်ပါက လယ်သမားများအတွက် ပိုမို အဆင်ပြေချောမွေ့နိုင် ပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး-** ကျေးရွာတွင် မူကြိုကျောင်း မရှိသေးပေ။ လက်ရှိတွင် ခရစ်ယာန်ဘုရားကျောင်းအတွင်း၌သာ သင်ကြားပေးနေသည်။ကျေးရွာ မူလတန်းကျောင်းတွင် ဆရာ/ဆရာမများမှာ ကျောင်းအုပ်အပါအဝင် (၈)ဦး ရှိသော်လည်း မူလတန်း တွင် ကျောင်းသား (၄၀) ကို တစ်ဦးတည်း သင်ကြားရသဖြင့် ဆရာ၊ ဆရာမ လုံလောက်ခြင်း မရှိသောကြောင့် ကျေးရွာ၏ပညာရေးရန်ပုံငွေဖြင့် ဆရာမတစ်ဦး ငှားရမ်းထားပါသည်။ ကျောင်း အကျိုးတော်ဆောင်အဖွဲ့သည် ကျောင်းကော်မတီနှင့်ပူးပေါင်း၍ ကျောင်းပရိဘောဂ အစရှိသည့် စာသင်ကျောင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ မိဘဆရာ နှစ်ပတ်လည် အစည်းအဝေး ပြုလုပ်ခြင်း၊ ဆုပေးပွဲကို ဦးဆောင်ခြင်းစသည်ဖြင့် ဆောင်ရွက်နေ ပါသည်။

ရှမ်းဒွတ်ကျေးရွာသည် တောတောင်တို့နှင့် နီးကပ်စွာ တည်ရှိသောကြောင့် ဇွန်၊ ဇူလိုင်လ များတွင်ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျော ရောဂါများအဖြစ်များကြသည်။ကျေးရွာ၌ အရံသားဖွား ဆရာမ (၃) ဦးရှိသည်။ ပုလောကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိ၍ သားဖွားဆရာမ (၁) ဦးရှိသည်။ တစ်လလျှင် တစ်ကြိမ် ကိုယ်ဝန်ဆောင်မိခင်များနှင့် (၁) နှစ်အောက် ကလေးငယ်များ အား ကာကွယ်ဆေး ထိုးပေးသည့် အစီအစဉ်များ ရှိသည်။

ဂါလံ (၅၀၀၀) ခန့်ဆန့်သောရေလှောင်တမံငယ်မှတဆင့် သောက်သုံးရေကို သွယ်ယူ ထား ပြီး နွေကာလ (တပေါင်း-တန်ခူး) တွင် ရေလုံလောက်မှု မရှိ၍ ချွေတာ သုံးစွဲကြရသည်။ ရှမ်းဒွတ် အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာ သုံးစွဲအသုံးပြုနိုင်ရန် နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု-** ရှမ်းဒွတ်ကျေးရွာတွင် နေထိုင်သူများမှာ ကရင်လူမျိုးများ ဖြစ်ကြပြီး ကိုးကွယ်သည့် ဘာသာမှာ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ ဖြစ်ကြသည်။ သို့ရာတွင် ကျေးရွာ သာရေးနာရေး ကိစ္စရပ်များတွင် စုပေါင်းလုပ်ကိုင်ကြပါသည်။ လူငယ်များမှာ ဘာသာရေးပွဲတော် များ၊ လူမှုရေးလုပ်ငန်းများ၊ ကရင်ရိုးရာပွဲတော်တို့တွင် တက်ကြွစွာဖြင့် ကျရာကဏ္ဍမှ ပါဝင် ဆောင်ရွက်ကြပါသည်။ ဖုန်းလိုင်းများ လက်လှမ်းမီမှု အားနည်းခြင်းကြောင့် အင်တာနက်၊ အီးမေးလ်မှတဆင့် သတင်းအချက်အလက်များကို သုံးစွဲအသုံးပြုနိုင်ခြင်း မရှိပါ။ ဗဟုသုတ လေ့လာရန် စာကြည့်တိုက်မရှိပေ။ လူငယ်များအနေဖြင့် အပန်းဖြေရန် ဘောလုံးကန်ခြင်းသာ ရှိပါသည်။

**(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး-** ဒေသထွက်ကုန်ပစ္စည်းများကို ပုလောမြို့သို့ တင်ပို့ရောင်းချရာတွင် လည်းကောင်း၊ သွားလာရေးအတွက် သော်လည်းကောင်း မိုးတွင်းဘက်တွင် စက်လှေကို အားထားပြီး၊ ကျန်ကာလတွင် ဆိုင်ကယ်ဖြင့်သာသွားကြသည်။ သို့ရာတွင် ကွမ်းသီးနှင့် ဒူးရင်းသီး ပေါ်ချိန်တို့ တွင်မူ ထွက်ကုန်ပစ္စည်းများ သယ်ယူရန် ကားမရှိခြင်း၊ သုံးဘီးဆိုင်ကယ်ကဲ့သို့သော ယာဉ်များ မရှိခြင်းတို့ကြောင့် အခြားဒေသမှမော်တော်ယာဉ်များ ငှားရမ်း၍ တင်ပို့ကြရပါသည်။

ကျေးရွာတွင်းရှိ တံတားများမှာ သစ်သားတံတားများဖြစ်၍ နှစ်ကာလကြာမြင့်လာပြီဖြစ်ခြင်း၊ တံတားအကျယ် ကျဉ်းမြောင်းခြင်းတို့ကြောင့် ဆိုင်ကယ်၊ စက်ဘီးများသာ သွားလာနိုင်သည်။ ထိုတံတားများအား ကားများဖြတ်သန်းသွားလာနိုင်၍ တစ်နှစ်ပတ်လုံး သွားလာနိုင်သောတံတားများ ဖြစ်ပါက ကုန်စည်ရောင်းဝယ်မှုတိုးတက်လာခြင်း၊ ပညာရေး ကောင်းမွန်လာခြင်းနှင့် အရေးပေါ် ကျန်းမာရေး ကိစ္စရပ်များအတွက် များစွာအဆင်ပြေချောမွေ့လာနိုင်ပါသည်။ ပုလောမြို့နယ်တွင် ရရှိသော ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားပေးလိုင်းမှာ ရှမ်းဒွတ်ကျေးရွာသို့ မရောက်ရှိသေးပါ။ ထို့ကြောင့် ကျေးရွာ၏(၈၅) ရာခိုင်နှုန်းမှာ ဖယောင်းတိုင်၊ ဒီဇယ်မီးခွက်၊ ဘက်ထရီ အစရှိသည်တို့ကို သုံးစွဲ အသုံးပြုကြသည်။ ဆိုလာသုံးစွဲသူ အနည်းငယ်နှင့် ဒီဇယ်အင်ဂျင်သုံးစွဲသူ အနည်းငယ်တို့သာ ရှိပါသည်။

သတင်းအချက်အလက်ကို တီဗွီ၊ ရေဒီယို၊ ဖုန်း (CDMA) တို့မှ ရရှိပါသည်။ သို့ရာတွင် ကျေးရွာ အိမ်ထောင်စု၏ (၁၅) ရာခိုင်နှုန်းခန့်သာ လက်လှမ်းမီ ပါသည်။ ဆိုလာ၊ ဒီဇယ်အင်ဂျင်မီးသုံးစွဲသူများမှသာ တီဗွီ ကြည့်နိုင်ပြီး CDMA ဖုန်းလိုင်းသာ သုံးစွဲနိုင်သောကြောင့် သတင်းအချက်အလက်ရရှိမှု နည်းပါးပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး-** မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့် ပြဿနာကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ ဘာသာရေး ခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင် ကြပါသည်။ အမှုအခင်း ဖြစ်ပွားလေ့မရှိပါ။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က)ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ရှမ်းဒွတ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာကျား (၁၆၁) ဦးနှင့်မ (၁၆၃) ဦး၊ စုစုပေါင်း (၃၂၄)ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၅၃) % ရှိပါသည်။ လက်ရှိ အထက်တန်း ပညာတက်ရောက်သင်ကြားနေသူ (၆၀) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၃) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၃) ဦး ရှိသောကြောင့် အနာဂတ် ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ရှိနေပါသည်။ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင် ဖြစ်သည်။

ရှမ်းဒွတ်ကျေးရွာတွင် ကွမ်းသီး၊ စပါးနှင့် ရာဘာသီးနှံများ စိုက်ပျိုးကြပြီး လက်ရှိသီးနှံစိုက်ပျိုးသည့် မြေဧရိယာ ကျယ်ကျယ်ပြန့်ပြန့် ပိုင်ဆိုင်ထားရှိမှုနှင့် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးသီးနှံများဖြစ်၍ အထွက်တိုးနည်းပညာအတိုင်း ကြိုးပမ်းအားထုတ် လာမည်ဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတိုး၍ ရလာနိုင်သည့် အခြေအနေတစ်ရပ် ဖြစ်လာမည်ဖြစ်ပါသည်။

မွေးမြူရန် မြေနေရာ အခက်အခဲမရှိခြင်း၊ အစားအစာများ အလွယ်တကူ ရရှိနိုင်ခြင်း၊ ဝက်ဈေးကွက်ကောင်းခြင်း (မြိတ်၊ ပုလောမှ လာဝယ်ခြင်း)၊ မွေးမြူရေးသုံးပစ္စည်း၊ ထွက်ကုန်များ သယ်ယူရန်လမ်းပန်းအဆင်ပြေခြင်း စသည်တို့ကြောင့် ဝက်မွေးမြူရေးသည်ဆင်းရဲသော အိမ်ထောင်စုများအတွက် အသင့်တော်ဆုံး ဖြစ်နေပါသည်။

ကျေးရွာအတွင်းတွင် ကုန်ချော ထုတ်လုပ်နိုင်သော ကုန်ကြမ်းပစ္စည်းများ ပေါများစွာ ထွက်ရှိနေခြင်းကလည်း ကုန်ချောထုတ်လုပ်ငန်းနှင့်ဆိုင်သော အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်မည့် အလားအလာများ ရှိနေပါသည်။ အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ခြင်းမျိုး မဟုတ်ပဲ မိမိတို့ဒေသတွင်းပင် လုပ်ကိုင်လိုစိတ်ရှိကြသည့် လူငယ်များ ရှိနေခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားတစ်ခုပင်ဖြစ်သည်။

ထို့အပြင် စပါးသီးနှံအတွက် ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် တစ်သိန်းနှုန်းဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် (၆) လတစ်ခါ ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် မိမိတို့ စိတ်ပါဝင်စားသူ အစုများစုဖွဲ့၍ မြို့နယ်သမဝါယမအသင်းနှင့် ချိတ်ဆက်ကာ ချေးငွေ ရယူနိုင်မည့် နည်းလမ်းများ ရှိပါသည်။

ရှမ်းဒွတ်ကျေးရွာတွင် မူလတန်းကျောင်း ရှိခြင်းကြောင့် မူလတန်းအဆင့် တတ်မြောက်သူ ဦးရေ များပြားလာခြင်း၊ ပညာရေး ရန်ပုံငွေဖြင့် အတန်းအလိုက် ထူးချွန်ကျောင်းသားများ၊ (၁၀) တန်း အောင်မြင်သူများ၊ ဂုဏ်ထူးရသူများ ဆုချီးမြှင့်ခြင်းနှင့် စီးပွားရေးအဆင်မပြေသော မိသားစုများမှ ကျောင်းသားများကို ထောက်ပံ့ပေးခြင်းများကလည်း ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် အလားအလာကောင်းများဟု ဆိုနိုင်ပေသည်။

ရှမ်းဒွတ်ကျေးရွာတွင် သောက်သုံးရေကို ကျေးရွာရှိ စိမ့်စမ်းရေသွယ်ယူခြင်းမှရရှိပြီး တစ်နှစ်ပတ်လုံး လုံလောက်ပါသည်။ ပြည့်စုံကောင်းမွန်သော သဘာဝသောက်သုံးရေအား လုံလုံလောက်လောက် ရရှိနိုင်ခြင်းသည် ကျန်းမာရေးနှင့် ပတ်သက်၍ အလွန်ကောင်းမွန်သည့် အထောက်အပံ့ တစ်ခုဖြစ်သည့်အပြင် အချိန်ကုန် သက်သာသောကြောင့် ဝင်ငွေရ အလုပ်အကိုင်များအတွက် ကောင်းစွာအချိန်ပေးနိုင်သည် ဖြစ်ပါသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် လူပျို-အပျိုအဖွဲ့နှင့် သာရေးနာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများ ဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်း တစ်ရပ်လည်းဖြစ်သည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ရှမ်းဒွတ်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်

များတွင် အားနည်းမှုရှိပါသည်။ ကျေးရွာ လူထုအနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှု အဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။

မိုးရာသီတွင် ရှမ်းဒွတ်ချောင်း ရေလျှံမှုကြောင့် လယ်မြေများ ရေနစ်မြုပ်သည့် အခြေအနေများနှင့် ရင်ဆိုင်နေရသောကြောင့် စပါးအထွက်နှုန်းများ နည်းပါးသည့် အခက်အခဲများ ရင်ဆိုင်နေကြရပါသည်။ကျေးရွာတွင် မြေယာတိုးချဲ့စိုက်ပျိုးရန် နေရာများမရှိသောကြောင့် ဆင်းရဲသားမိသားစုများအတွက် စိုက်ပျိုးထုတ်လုပ်ခြင်းမှ ဝင်ငွေရရှိမည့် အခွင့်အလမ်း နည်းပါးသွားပြီဖြစ်ပါသည်။ (၂၀၁၂) မှ စတင်၍ ရာဘာဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ရာဘာစိုက်ပျိုးထုတ်လုပ်သူများနှင့် ၎င်းလုပ်ငန်းကို မှီခိုနေသော ကျပန်းမိသားစုများအတွက် အလုပ်အကိုင်အခွင့်အလမ်း နှင့် ဝင်ငွေ များ ထိခိုက်ခဲ့ရပါသည်။တောတောင်များ ရှင်းလင်း၍ ရာဘာများနေရာလပ်မကျန် စိုက်ပျိုးလာခြင်းကြောင့် အပင်မျိုးစိတ်များ ပျောက်ဆုံးလာခြင်းနှင့် တိရစ္ဆာန်မျိုးကွဲများ ရှင်သန်ရန် နေရာရှားပါးလာခြင်း စသည်ဖြင့် အရင်းအမြစ်များ၏ ထိခိုက်မှုမြင့်မားလာနေပါသည်။မွေးမြူရေးနည်းပညာ ဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း၊ အဆင့်မြင့် မွေးမြူရေးနည်းစနစ်များ အားနည်းခြင်းတို့ကလည်း မွေးမြူရေး လုပ်ကိုင်သူများအတွက် အဟန့်အတားတစ်ရပ်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအတွက် နီးစပ်ရာကျေးရွာများ၊ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ရခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များရှိနေဆဲဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ်များ ရှိနေသော်လည်း စပါးစိုက်ပျိုးသူကိုသာ ထုတ်ချေးခြင်း၊ တင်းကျပ်သော စည်းကမ်း သတ်မှတ်ချက်များနှင့် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များ ရှိနေဆဲ ဖြစ်သောကြောင့် ကာလရှည်ချေးငွေ အကူအညီပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ လိုအပ်နေဆဲ ဖြစ်ပါသည်။

ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများနှင့် ရောဂါလက္ခဏာများကို ကွဲပြားစွာ သိရှိနိုင်သည့် ဗဟုသုတများ အားနည်းခြင်းကြောင့် ရာသီအလိုက် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများခံစားရသဖြင့် ကျန်းမာရေးကဏ္ဍ တိုးတက်ရေးတွင် အဟန့်အတားဖြစ်စေနိုင်ပါသည်။

လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှုအားနည်းကြပါသည်။ လူငယ်များသည် စုစုစည်းစည်းဖြင့် လုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့

အကျင့်ကောင်းများ ရှိသော်လည်း ဦးဆောင်ပေးနိုင်မည့်သူ မရှိခြင်းနှင့် လူငယ်များအတွက် အသိပညာဗဟုသုတ ရှာဖွေရန် စာကြည့်တိုက်မရှိခြင်းတို့ကလည်း လူငယ်များ၏ သင်ယူလေ့လာခွင့်များကို အဟန့်အတား ဖြစ်စေပါသည်။

## (၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ

ကျွန်ုပ်တို့ ရှမ်းဒွတ်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘူယျအားဖြင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါလူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့်နည်းဗျူဟာများကိုဆွေးနွေးဖော်ထုတ်ထားခဲ့ကြပါသည်။

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကိုအလေးထားပြီး ကလေးများနှင့်လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့်ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ရွာလူထုသည်စိုက်ပျိုးရေးထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက်လုပ်ကိုင် နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီးအလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီးစီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေ တိုးမြင့်လာရမည်။

(၃) ရွာလူထုသည် ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကိုအောက်ဖော်ပြပါအကောင်အထည်ဖော်ရေး နည်းဗျူဟာများကိုကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ဝင်ငွေတိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသောစပါးမျိုးများကိုသာ ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့်စိုက်ပျိုးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများအတွက် လိုအပ်ချက်များကိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၂) ဒေသအတွင်း ဖြစ်ပေါ်နေသော ရာဘာဈေးကွက်ကို နားလည်ပြီး ဈေးကွက်မှ တောင်းဆိုသော အရည်အသွေးကို ထုတ်လုပ်ပေးနိုင်ရန်အတွက် လိုအပ်သော သွင်းအားစုများနှင့် နည်းပညာများ စနစ်တကျသုံးစွဲနိုင်ရန် မြို့နယ်စက်မှုသီးနှံ ဦးစီးဌာန၊ ပုလောမြို့နယ် ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့် ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၃) လယ်သမားငယ်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေ ရရှိစေရန် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန် ရောဂါကာကွယ်ရေး အစီအမံများ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သား များ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသော မွေးမြူရေးနည်းပညာ သင်တန်း များ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းရှိ လူငယ်များ၏အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက် မွေးဝမ်းကျောင်း နည်းပညာ သင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည် ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ် သော နည်းပညာများရရှိရန်နှင့် ချေးငွေ လက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(၅) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေနှင့် ဘုန်းတော်ကြီးကျောင်းများအလိုက် အစုအဖွဲ့ စုငွေ/ချေးငွေ အစီအစဉ် ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်းအသေးစားလုပ်ငန်းများ အတွက် လုံလောက်မှု မရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများ နှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေပါမည်။

(၆) ကျေးရွာအတွင်း လျှပ်စစ်မီးရရှိခြင်းဖြင့် အသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင် ရွက်နိုင်ပြီး၊ တီဗွီများမှတဆင့် ကျေးရွာလူထုအတွက် ဗဟုသုတများ တိုးတက်လာစေ ခြင်းစသည့် အကျိုး ကျေးဇူးများကြောင့် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်၊ ပုလောမြို့နယ်မှလျှပ်စစ်မီးပေးသော အဖွဲ့နှင့်ဆက်သွယ် ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်

အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

## (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ရှမ်းဒွတ်ကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာ များတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံ (ဥပမာ - ရာဘာ၊ ကွမ်းသီး)စိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။ နှစ်ရှည်သီးနှံ ဦးစားပေးစိုက်ပျိုးသော ဒေသဖြစ်သည့် အားလျော်စွာ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြသည်။ ထို့အပြင် သမဝါယမဦးစီးဌာနမှ ကျေးရွာသို့ ငွေစုငွေချေး ကိစ္စရပ်အတွက် လာရောက်သော်လည်း ရှည်လျား များပြားလှသော လုပ်ငန်းစဉ်များကြောင့် ကျေးရွာသူ/ သားများ စိတ်ပါဝင်စားမှု အားနည်းလှပါသည်။ ထို့ကြောင့်ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသ လိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

## (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ရှမ်းဒွတ်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ် သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ရန်ကုန်-မြိတ် ကားလမ်းမနှင့် နီးစပ်သော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန် များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်

အောင် နည်းလမ်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ ဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက်ပြောင်းလဲ လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသောဝန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက်လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက်စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက် မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေး ရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင် ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိ နေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက် လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက် အကူပြု နိုင်ပေမည်။

## (၈)ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ် ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး

နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

### ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်–

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်း စသည့် အသုံးစရိတ်၊

(၃) အထွေထွေ ရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) လူသားချင်း စာနာမှု အထောက်အပံ့။

## (၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ / အဓိက ဆိုလိုရင်း | စီမံကိန်း | ရမှတ်ပေါင်း | အဆင့် | စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အုပ်ချုပ်ရေး ကဏ္ဍ*** | | | | | |
| ***အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု*** | ၁။ အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး။ | ၄၇ | ၇ | • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများစီစဉ်ခြင်း | • ကျေးလက်/ဦးစီး |
| ***စိုက်ပျိုးရေး ကဏ္ဍ*** | | | | | |
| **အခြေခံ အဆောက်အဦး နှင့် နည်းပညာ သင်တန်း** | ၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး | ၆၇ | ၃ | • ရှမ်းဒွတ်ချောင်းအားတူးဖော်ခြင်း<br>• မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း<br>• စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ)<br>• စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန်<br>• အစိုးရဌာနသို့တင်ပြခြင်း | • |
| | ၃။ ရာဘာခြံလုပ်ငန်းမှ အကျိုးအမြတ်ပိုမိုရရှိရေး | ၃၇ | ၁၀ | • ဈေးကွက်နှင့်ပက်သက်သော အချက်အလက်များ ဖြန့်ဝေပေးနိုင်မည့် နည်းပညာပေးအဖွဲ့များနှင့် ချိတ်ဆက်ခြင်း။<br>• လိုအပ်သော နည်းပညာများအတွက် သင်တန်းများ ပြုလုပ်ခြင်း။<br>• ဈေးကွက် နှင့် သတင်း ချိတ်ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း | • |
| | ၄။ ထိရောက်သော ချေးငွေဝန်ဆောင်မှုများအား လက်လှမ်းမီရေး | ၅၂ | ၆ | • ချေးငွေရနိုင်မည့်အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ခြင်း | • |
| ***တိရစ္ဆာန် မွေးမြူရေး*** | | | | | |
| **ဈေးကွက်နှင့် နည်းပညာ သင်တန်း** | ၅။မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်းများ ဖန်တီးရေး | ၃၇ | ၁၁ | • နည်းပညာဝန်ဆောင်မှု နှင့် သင်တန်းများ ပံ့ပိုးပေးခြင်းဖြင့် မွေးမြူရေးထွက်ကုန်မြင့်မားစေခြင်း။ | • |

| ကဏ္ဍ / အဓိက ဆိုလိုရင်း | စီမံကိန်း | ရမှတ်ပေါင်း | အဆင့် | စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | • မြို့နယ် မွေးကုဌာန နှင့် ချိတ်ဆက်ခြင်း<br>• မွေးမြူရေး ထုတ်လုပ်ရေးအတွက် ဈေးကွက်ချဲ့ထွင်မှု ရရှိရန် လုပ်ဆောင်ခြင်း | |
| *အခြား ဝင်ငွေရ လုပ်ငန်းများ* | | | | | |
| **သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း** | ၆။ အလုပ်အကိုင် အခွင့်အလမ်း များပြားလာစေရေး | ၅၇ | ၅ | • ဒေသနှင့် သင့်တော်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှု သင်တန်း ပေးခြင်း၊<br>• အသေးစားကုန်ထုတ်လုပ်သူများအဖွဲ့ဖွဲ့စည်းရေးနှင့် အကောင်အထည်ဖော် ရေး။<br>• တစ်ပိုင်တတစ်နိုင် ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက် ဖွံ့ဖြိုး ရေး<br>• ဈေးကွက်ထိုးဖောက်မည့်အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့်လုပ်ငန် း အကောင်အထည်ဖော်ခြင်း<br>• အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာစေရန် လုပ်ငန်းရှင်များနှင့် ဆက်သွယ်ခြင်း | • ကျေးလက်/ဦးစီး |
| *ပညာရေး* | | | | | |
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၇။ ကျေးရွာ၏ပညာ တတ်မြောက်မှု တိုးတက်ရေး | ၆၈ | ၂ | • ဆရာ/ဆရာမ ဦးရေ ပြည့်စုံရန်<br>• ကျောင်းပရိဘောဂများ ပြည့်စုံရန်<br>• မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန်<br>• ပညာရေး ကော်မတီ ဖွဲ့စည်းပြီး အထက်တန်း အောင်နှုန်း မြင့်မားရေး လုပ်ဆောင်ရန် | • |
| *ကျန်းမာရေး* | | | | | |
| **ကျန်းမာရေး တိုးတက်လာစေရေး** | ၈။ ကျေးရွာ၏ ကျန်းမာ ရေးကဏ္ဍ တိုးတက်လာ စေရေး | ၄၇ | ၈ | • ကျန်းမာရေး ဦးစီးဌာန နှင့်ချိတ်ဆက်ခြင်း<br>• ကျန်းမာရေး ဝန်ထမ်းများ တောင်းခံခြင်း အတွက် တင်ပြခြင်း | • |

| ကဏ္ဍ / အဓိက ဆိုလိုရင်း | စီမံကိန်း | ရမှတ်ပေါင်း | အဆင့် | စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | • ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှုတိုးတက်ရေး<br>• ကျန်းမာရေး အသိပညာပေး ဟောပြောပွဲ များစီစဉ်ခြင်း | |
| ***လမ်း၊ တံတား၊ ဆက်သွယ်ရေး၊ သတင်း အချက်အလက်*** | | | | | |
| **လမ်း၊ တံတား ကောင်းမွန် လာစေရေး** | ၉။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက် လာစေရေး | ၇၁ | ၁ | • လမ်း၊တံတားကော်မတီဖွဲ့ စည်းခြင်း<br>• ကွန်ကရစ်တံတား ဆောက်ရန်<br>• ကွန်ကရစ်/ကတ္တရာလမ်းဖောက်လုပ်ရန် ရေနုတ်မြောင်းများတူးဖော်ပေးရန်<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း | • ကျေးလက်/ဦးစီး |
| ***သတင်း အချက်အလက်*** | ၁၀။ ကျေးရွာ စာကြည့် တိုက်တစ်တိုက်ထူထောင် ရန် | ၄၄ | ၉ | • မြို့နယ် ပြန်ဆက်ဌာနနှင့် ချိတ်ဆက် လုပ်ဆောင်ရန် | • |
| ***လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး*** | | | | | |
| **လျှပ်စစ်မီး ရရှိရေး** | ၁၁။ ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ရေး | ၆၅ | ၄ | • ကျေးရွာမီးလင်းရေးကော် မတီဖွဲ့စည်းရန်။<br>• ပုလောမြို့နယ်မှလျှပ်စစ်မီး ပေးသော အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရန်။<br>• ကျေးရွာမှကိုယ်ထူကိုယ်ထမီးလင်းရေးလုပ်ဆောင်ခြင်း၊ | • ကျေးလက်/ဦးစီး |
| ***လူငယ်၊ယဉ်ကျေးမှုနှင့်အားကစား*** | | | | | |
| **လူငယ်များ စွမ်း ဆောင်ရည် တိုးတက် လာစေရေး** | ၁၂။ လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင် ပေးရေး | ၃၅ | ၁၂ | • လူငယ်များစွမ်းဆောင်ရည် မြင့်မားလာခြင်း<br>• အခြေခံ ခေါင်းဆောင်မှု သင်တန်း<br>• အဖွဲ့အစည်း စီမံခန့်ခွဲမှု သင်တန်း<br>• ဆက်ဆံရေး နှင့် ပံ့ပိုးမှု တိုးတက်လာစေရေး သင်တန်း | • ကျေးလက်/ဦးစီး |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး | ၁ | ✔ | | | | |
| ၂ | ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး | ၂ | ✔ | | | | |
| ၃ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး | ၃ | ✔ | ✔ | ✔ | ✔ | ✔ |
| ၄ | ကျေးရွာ မီးလင်းရေး အတွက် ဆောင်ရွက်ရေး။ | ၄ | | ✔ | | | |
| ၅ | အလုပ်အကိုင် အခွင့်အလမ်း များပြားလာစေရေး | ၅ | ✔ | ✔ | ✔ | ✔ | ✔ |
| ၆ | ထိရောက်သော ချေးငွေဝန်ဆောင်မှုများအား လက်လှမ်းမီရေး | ၆ | ✔ | ✔ | ✔ | ✔ | ✔ |
| ၇ | အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။ | ၇ | ✔ | ✔ | ✔ | | |
| ၈ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၈ | ✔ | ✔ | | | |
| ၉ | ကျေးရွာ စာကြည့်တိုက်တစ်တိုက်ထူထောင်ရန် | ၉ | | ✔ | | | |
| ၁၀ | ရာဘာခြံလုပ်ငန်းမှ အကျိုးအမြတ်ပိုမိုရရှိရေး | ၁၀ | ✔ | ✔ | ✔ | | |
| ၁၁ | မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်းများ ဖန်တီးရေး | ၁၁ | ✔ | ✔ | ✔ | ✔ | ✔ |
| ၁၂ | လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး | ၁၂ | ✔ | ✔ | | | |

## (၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး | | | | | |
| ၂ | ကျေးရွာ၏ပညာတတ်မြောက်မှုတိုးတက်ရေး | | | | | |
| ၃ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး | | | | | |
| ၄ | ကျေးရွာ မီးလင်းရေး အတွက် ဆောင်ရွက်ရေး။ | | | | | |
| ၅ | အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး | | | | | |
| ၆ | ထိရောက်သော ချေးငွေဝန်ဆောင်မှုများအား လက်လှမ်းမီရေး | | | | | |
| ၇ | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး။ | | | | | |
| ၈ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး | | | | | |
| ၉ | ကျေးရွာ စာကြည့်တိုက်တစ်တိုက် ထူထောင်ရန် | | | | | |
| ၁၀ | ရာဘာခြံလုပ်ငန်းမှ အကျိုးအမြတ်ပိုမိုရရှိရေး | | | | | |
| ၁၁ | မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်းများ ဖန်တီးရေး | | | | | |
| ၁၂ | လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးရေး | | | | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော

ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ဆောင်ရွက်မည်။ ထို့အပြင် တံတား ပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ် ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ရှမ်းဒွတ်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက် မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator)များ ဖြစ်ပါမည်။ သုံးလပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအားဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊

- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

### ၁။ လူမှုစီးပွားရေး အခြေအနေ

### ၁.၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၁၃ | ၇ | ၂၀ | ၃ | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၂၃ | ၂၉ | ၅၂ | ၈ | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၄၆ | ၅၁ | ၉၇ | ၁၆ | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၄၄ | ၄၁ | ၈၅ | ၁၄ | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၁၆၁ | ၁၆၃ | ၃၂၄ | ၅၃ | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၁၆ | ၉၈၁<br>၉ | ၃၅ | ၆ | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၃၀၃** | **၃၁၀** | **၆၁၃** | **၁၀၀** | |
| **စုစုပေါင်း အိမ်ထောင်စု = ၁၀၃** | | | | | **၆.၁ ဦး / အိမ်ထောင်စု** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) (တစ်အိမ်တက်ဆင်း/ ပညာရေးဌာန စသည်) မှ ရယူပါသည်။

### ၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | | |
| ၁ | ***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၅ | ၈၂.၅၂ | ၀ | လယ်ယာလုပ်ငန်း နှင့် ကွမ်းသီးခြံစိုက်ပျိုးခြင်း - ၈၅ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၇ | ၁၆.၅ | | လယ်သမားငယ်များ - ၁ နှင့် မြေယာမဲ့များ - ၁၆ တို့သည် ကျေးရွာ၏ စိုက်ပျိုးရေး လုပ်ငန်းတွင် ရာသီအလိုက် လုပ်ကိုင်ကြသူများ ဖြစ်ကြသည်။ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် % | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၂ | *တိရစ္ဆာန် မွေးမြူရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၉၅ | လယ်သမားများ နှင့် မြေယာမဲ့ အိမ်ထောင်စုများသည် ဝက်၊ ကြက်၊ နွား၊ ဆိတ်၊ ဘဲ တို့ကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၃ | *ငါးဖမ်း လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၄ | *သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၉ | စပါးကြိတ်စက် - ၉ (အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၆ | *လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၇ | *ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၉၇ | ၀ | ပန်းရံ - ၁ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၁ | ဆံသဆိုင် - ၁ (အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၂ | လက်လီဆိုင် - ၂ (အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၂ | လက်ဖက်ရည်ဆိုင် -၂ (အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၂၁ | ဆိုင်ကယ်ကယ်ရီ - ၂၀၊ ဂျစ်ကား - ၁ (အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၁၀ | (အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၅ | *ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၆ | *ပညာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၁ | ကျောင်းဆရာမ - ၁ (အဓိက အလုပ် အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါ သည်)။ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၇ | *ကျန်းမာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၈ | *လူမှုရေး လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၉ | *အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါ လုပ်ငန်းများမှအပ)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၁၀၀ | ၅၂ အိမ်ထောင်စုမှ ပျမ်းမျှ ၁၀၀ ဦးသည် ထိုင်းနိုင်ငံ၊ မလေးရှား နိုင်ငံတို့တွင် သွားရောက်လုပ် ကိုင် နေကြပါသည်။ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၂၀ | *ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | **၁၀၃** | **၁၀၀** | **၂၄၁** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) (တစ်အိမ်တက်ဆင်း စသည်) မှ ရယူပါသည်။

## ၁.၃ သဘာဝ အရင်းအမြစ်များ

### ၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၈၀ | သင့် | | မိုးကောင်းသောက်လယ် |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၃၃၀ | သင့် | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ရွှေ့ပြောင်း တောင်ယာ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| အခြား(ရာဘာ) | ၈၂ | ကောင်း | | |
| **စုစုပေါင်း** | **၅၉၂** | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) (တစ်အိမ်တက်ဆင်း စသည်) မှ ရယူပါသည်။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

ကျေးရွာတွင် လယ်မြေဧက (၁၈၀) ခန့်ရှိပြီး အများစုမှာ မြေဆီဩဇာ အသင့်အတင့် ကောင်းမွန်ကာ လမ်းဘေး နှင့် နီးစပ်သော လယ်မြေ အချို့တွင်သာ မြေဆီလွှာ ညံ့ဖျင်းသည်။ လယ်မြေများတွင် ရေသွင်းရေထုတ် ပြုလုပ်နိုင်ရန် အတွက် အစီအမံများ အားနည်းခြင်းကြောင့် မိုးပြတ်လပ်သော ကာလများတွင် စပါးအောင်ရေမရ၍ အထွက်နှုန်း နည်းပါးကြပါသည်။ ဥယျာဉ်ခြံများတွင် ကွမ်းသီး ကိုသာ အဓိကထား စိုက်ပျိုးကြသည်။

## ၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | |
| အခြား | နည်း | လက်လှမ်းမမှီ |
| **အခြားသဘာဝ အရင်းအမြစ်များ** | | |
| တိရစ္ဆာန်မျိုးစိတ်များ | ဆတ်၊ချေ၊တောဝက်၊ | ခက် |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ) ဘုန်းမသိမ်၊ ဂျာမနီ၊ လောက်သေ၊သက်ရင်းကြီး၊ ထောင်စေးချောက်၊ဆင်တုံးမနွယ် | များ | လွယ် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ခဲမဖြူကို ရွာနှင့် (၆) မိုင်ခန့် ဝေးသော နေရာမှ တူးဖော်ရရှိသည်။ ရွာသူရွာသားများမှ ခဲမိုင်းများ တွင် နေ့စား ဝင်ရောက် လုပ်ကိုင်ကြပါသည်။ လူနေထူထပ်လာခြင်း၊ ရာဘာစိုက်ခင်းများ ချဲ့ထွင် လာခြင်းများကြောင့် တောတိရစ္ဆာန်များ ရှားပါးလာပါသည်။ ဆေးဖက်ဝင်အပင်များအဖြစ် ရဲယို နှင့် ခွေးသေးပန်း အပင်များ ပေါက်ရောက်ပါသည်။

## ၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧကနှင့် အထက် | (၁၀-၅ ဧက ) | (၅-၃) ဧက | (၁-၂) ဧက |
| အိမ်အခြေအနေ | တိုက်အိမ်(တစ်ထပ်၊နှစ်ထပ်)၊ တောင်ထန်းမိုး၊ အုတ်ကာ၊ပျဉ် ခင်း | ပျဉ်ထောင်အိမ်၊ ခြေတံရှည်၊ ပျဉ်ကာ၊ တောထန်း | သစ်အိမ်၊သစ်ခင်း၊ ဝါးခင်း၊တောထန်းမိုး၊ | ဝါးအိမ်၊ကြမ်းခင်း၊ ဝါးကာ၊ တောထန်းမိုး၊ တောထန်းကာ |
| လုပ်ငန်းသုံးကိရိယာ | လက်တွန်း | လက်တွန်းထွန် | မရှိ | မရှိ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| ပိုင်ဆိုင်မှု | ထွန်စက်၊ မြက်ဖြတ်စက်၊ ခြွေစက် | စက်၊မြက်ဖြတ်စက်၊ ခြွေစက် | | |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊စက်ဘီး၊ဆိုလာ၊TV၊ မီးစက်၊ | ဆိုင်ကယ်၊ စက်ဘီး၊ ဆိုလာ၊TV၊ မီးစက်၊ | ဆိုင်ကယ်၊စက်ဘီး၊ဆိုလာ၊TV (နည်း) | |
| အဓိကစီးပွားရေး လုပ်ငန်း၊တနှစ်ဝင်ငွေ | ပိုလျှံ | ဝင်ငွေ၊ထွက်ငွေ မျှတ | ဝင်ငွေ ရသော် လည်းမလုံလောက် | ခက်ခဲ |
| အခြားပိုင်ဆိုင်မှု | ဟာလာဆန်စက်၊ဝက်မွေး၊နွားမွေး၊ကျွဲမွေး | ဟာလာဆန်စက်၊ ဝက်မွေး၊နွားမွေး၊ ကျွဲမွေး၊အိမ်ဆိုင်၊ အလုပ်လုပ်နိုင်သူ ဦးရေများ၊ | နွားမွေးပုံမှန်(၁-၂)ကောင်၊အလုပ်လုပ်နိုင်သူဦးရေနည်း | ဝက်မွေး၊နွားမွေး(၁-၂ကောင်) အလုပ်လုပ်နိုင်သူနည်း၊ကျပန်းကိုဦးစားပေးလုပ်ကိုင်သူ |
| အိမ်ထောင်စု (၁၀၃) | **(၁၂)စု၊ (၁၁.၆%)** | **(၁၃)စု၊ (၁၂.၆%)** | **(၃၃)စု၊ (၃၂%)** | **(၄၅)စု၊ (၄၄%)** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၁.၅ ထိခိုက်လွယ်မှု

### ၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လ အောက် | ၀ | ၀ | |
| ၃ လနှင့် ၅ လ အထိ | ၃၀ | ၃၈.၄၆ | ခေါက်ပြန် ကြွေးယူခြင်း၊ အတိုးဖြင့် ငွေချေးခြင်း၊ လုပ်အားခဖြင့် ဝယ်ယူခြင်း |
| ၆လ မှ ၁၂ လ အထိ | ၄၈ | ၆၁.၅၄ | ခေါက်ပြန် ကြွေးယူခြင်း၊ အတိုးဖြင့် ငွေချေးခြင်း၊ လုပ်အားခဖြင့် ဝယ်ယူခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေဖြင့် ဖြေရှင်းခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရှမ်းဒွတ်ကျေးရွာတွင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု(၇၈)စု ရှိသည့်အနက်(၃၀) အိမ်ထောင်စုမှာ (၃ - ၅) လ အထိ ဝမ်းစာဖူလုံမှုရှိ၍ (၄၈) အိမ်ထောင်စုမှာ (၆) လနှင့် အထက် ချေးငှားခြင်း မပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ကြပါသည်။ မြေယာမဲ့ကျပန်းသမား များမှာ အခြားသောအချိန်များတွင်မူ ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးခြင်း၊ အခြားဒေသ များသို့ သွားရောက်အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

## ၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၀ | ၀ | ၀ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ | ၀ | ၀ | ၀ |
| | | | **အိမ်ထောင်စု စုစုပေါင်း** | |
| အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၇ | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | | ၀ | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ | | ၀ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အိမ်ထောင်စု (၁၀၃) စု ရှိသည့်အနက် (၄၅) အိမ်ထောင်စုမှ (၇၄) ဦးသည် မလေးရှား၊ စင်ကာပူ၊ ထိုင်းစသည့် နိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။ ကျေးရွာရှိ စုစုပေါင်း အိမ်ထောင်စု၏ ထက်ဝက်နီးပါးခန့်မှ အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး တစ်ဦးခန့်မှာ အခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင် ကြသည့်အတွက် ကျေးရွာအတွင်းတွင် အလုပ်အကိုင် ရှားပါးမှု နှင့် ဝင်ငွေ နည်းပါးမှုများ ရှိနေပါသည်။ရှမ်းဒွတ်ကျေးရွာတွင် အမျိုးသမီးဦးဆောင်၍ ဆင်းရဲပြီး မိသားစုဦးရေများသည့် အိမ်ထောင်စု (၇) စု ရှိပါသည်။

## ၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | လုပ်အားနှင့် စားနပ်ရိက္ခာ လဲလှယ်ခြင်း၊ ခေါက်ပြန်ကြေးဖြင့် ဆန်အိတ်ယူ၍ စားနိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ခြင်းတို့မှ ရရှိပါသည်။ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ...) | နိမ့် | လက်ရှိပိုင်ဆိုင်ထားသည့် အိမ်ထောင်စုများအတွက် အခက်အခဲမရှိသော်လည်း ဆင်းရဲသား မိသားစုများမှာ မြေတိုးချဲ့ရန် နေရာမရှိတော့သဖြင့် ခက်ခဲသွားပြီ ဖြစ် ပါသည်။ |
| ၃ | ရေကြီးခြင်း | မြင့် | ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် နှစ်စဉ် နှစ်တိုင်း ကြုံတွေ့ရ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | ကြုံတွေ့ရလေ့မရှိ |
| ၅ | မုန်တိုင်း | နိမ့် | မိုးသက်လေပြင်းများလောက်သာ ကြုံတွေ့ရပါသည်။ |
| ၆ | ငလျင် | နိမ့် | ကြုံတွေ့ရလေ့မရှိ |
| ၇ | မီးဘေး | နိမ့် | ကြုံတွေ့ရလေ့မရှိ၊အိမ်ခြေ ကျဲပါးခြင်း၊ |
| ၈ | ဆားငံရေဝင်မြေ | နိမ့် | တောင်ပေါ်ဒေသဖြစ်ပါသည်။ |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် | ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် နှစ်စဉ်နှစ်တိုင်း ကြုံတွေ့ရ |
| ၁၀ | သစ်တောပြုန်းတီးခြင်း | မြင့် | ရာဘာများချဲ့ထွင် စိုက်ပျိုးလာခြင်း၊ |
| ၁၁ | ငှက်ဖျားရောဂါ | မြင့် | တောတောင် ထူထပ် ဒေသဖြစ်၍ ကြုံတွေ့ရပါသည်။ |
| ၁၂ | တီဘီရောဂါ | နိမ့် | ဆေးသောက်ပြီးနောက်ပိုင်း မရှိတော့ပါ။ |
| ၁၃ | ကိုယ်ခံအားကျဆင်းမှု ရောဂါ | နိမ့် | မရှိပါ။ |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွါ ရွှေ့ပြောင်းခံရသူများ(IDP) | နိမ့် | မရှိပါ။ |
| ၁၅ | လူကုန်ကူးခြင်း | နိမ့် | မရှိပါ။ |
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည် | လတ် | ပုလောမြို့နှင့် (၆) မိုင်သာ ဝေးသော်လည်း လမ်းကောင်းမွန်မှု မရှိခြင်းကြောင့် မိုးကာလတွင် ခက်ခဲခြင်း။ |
| ၁၇ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | အလုပ်အကိုင် အခွင့်အလမ်း နည်းပါး၍ ပြည်ပထွက်ခွာ လုပ်ကိုင်ရခြင်းကြောင့် ကူးစက်ရောဂါများ ရရှိလာနိုင်။ |
| ၂ | အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | အရင်းအမြစ်များ နည်းပါးခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပြီး စီးပွားရေး ကျပ်တည်း။ |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | အရင်းအမြစ်များနည်းပါးခြင်းကြောင့်အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပြီး စီးပွား ရေး ကျပ်တည်း။ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသော ဒေသ | နိမ့် | ကျေးရွာတွင် သက်ကြီးရွယ်အို အနည်းငယ်သာ ရှိပြီး သူတို့သည် မိသားစုများနှင့်အတူ နေထိုင်ကြသူများ ဖြစ်ကြသည်။ |
| ၅ | မြစ်ကမ်းဘေးနေလူထု | နိမ့် | မရှိပါ |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) | နိမ့် | မရှိပါ။ |
| ၇ | ပြည်တွင်းနေရပ် စွန့်ခွါ ရွှေ့ပြောင်း ခံရ သူများ(IDP) | နိမ့် | မရှိပါ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | နိမ့် | မရှိပါ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | မရှိပါ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အလုပ်အကိုင် အခွင့်အလမ်း နည်းပါး၍ ပြည်ပ ထွက်ခွာ လုပ်ကိုင်ရခြင်းကြောင့် ကူးစက်ရောဂါ များ ရရှိလာ နိုင်။ |
| ၁၁ | လူနည်းစု လူမျိုးများ | နိမ့် | မရှိပါ |
| ၁၂ | ဒေသတွင်း ပဋိပက္ခ ဧရိယာ | နိမ့် | မရှိပါ |
| ၁၃ | နယ်စပ်ဒေသ သွားရောက် လုပ်ကိုင်သူ | မြင့် | အလုပ်အကိုင် အခွင့်အလမ်း နည်းပါး၍ ပြည်ပ ထွက်ခွာ လုပ်ကိုင်ရခြင်းကြောင့် ကူးစက်ရောဂါ များ ရရှိလာ နိုင်။ |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | မရှိပါ |
| ၁၅ | ဆေးစွဲသူများ | နိမ့် | မရှိပါ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | လတ် | အခြားဒေသ သို့ သွားရောက် လုပ်ကိုင်သူများ မှာ ကျေးရွာရှိ အိမ်ထောင်စု၏ ထက်ဝက် နီးပါးခန့် ရှိခြင်း။ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | နိမ့် | လူနည်းစုမျှသာ |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | မြင့် | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း တို့ကြောင့် ရွာအိမ်ထောင်စု၏ ထက်ဝက် နီးပါးမှ မိသားစုဝင်များသည် တစ်ဖက် နိုင်ငံများသို့ ရွှေ့ပြောင်း လုပ်ကိုင်ကြရခြင်း။ |
| ၁၉ | ကားသမား | နိမ့် | မရှိပါ |
| ၂၀ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၂။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
### ၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
### ၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်းသူ များ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | လူငယ်အဖွဲ့ | ၂ | ၂၀ | ၂၀ | ၄၀ | ကျေးရွာလူငယ်များမှ ရံပုံငွေရှာ၍ ကျင်းပခြင်း | ၄ | ၇ |
| ၂ | အမျိုးသမီး အဖွဲ့ | ၃ | | ၃၀ | ၃၀ | မုန့်မျိုးစုံကို အလှည့်ကျ ရောင်းချ၍ အသင်း တော် ရံပုံငွေရှာခြင်း | ၄ | ၇ |
| ၃ | အမျိုးသမီး ရေးရာ | ၂ | | ၅ | ၅ | ဟော ပြောပွဲ (၁) ကြိမ်မျှ ကျင်းပခြင်း | ၅ | ၈ |
| ၄ | မီးသတ်အဖွဲ့ | ၂ | ၁၀ | | ၁၀ | ကျေးရွာတွင်း ပြုလုပ် သော ပွဲတော်များတွင် လုံခြုံရေး တာဝန်ယူ ခြင်း | ၅ | ၈ |
| ၅ | မိခင်နှင့်က လေးစောင့် ရှောက်ရေး | ၂ | | ၅ | ၅ | ဟော ပြောပွဲ (၁) ကြိမ်မျှ ကျင်းပ ခြင်း | ၅ | ၈ |
| ၆ | အသင်း တော်အဖွဲ့ | ၃ | ၇ | | ၇ | ဘာသာရေး ရန်ပုံငွေ တည်ထောင်၍ဘုရား ကျောင်း နှင့်၊ အ ရေး ပေါ် ကိစ္စရပ် များ အ တွက် ငွေ ထုတ် ပေး ခြင်း၊ ဘာ သာ ရေးပွဲ တော် များကို ဦးစီး ပေး ခြင်း | ၄ | ၆ |
| ၇ | ကျောင်း ကော်မတီ အဖွဲ့ | ၂ | ၆ | | ၆ | ကျောင်းဆရာ/မကို ထောက်ပံ့ရန်နှင့် အရေး ပေါ် ကိစ္စများ အတွက် ဖြည့်ဆည်း ဆောင်ရွက် ခြင်း | ၄ | ၇ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်။**

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

**ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ**

ရှမ်းဒွတ်ကျေးရွာ အတွင်းရှိ **ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များ**မှာ ကျေးရွာအတွင် လက်ရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။ လူငယ်အဖွဲ့ (အဖွဲ့ဝင် - ၄၀ ဦး) ၊အမျိုးသမီးအဖွဲ့ (အဖွဲ့ဝင် - ၃၀ဦး)၊ အမျိုးသမီးရေးရာအဖွဲ့ (အဖွဲ့ဝင် - ၃၀ ဦး)၊ မီးသတ်အဖွဲ့ (အဖွဲ့ဝင်- ၁၀ဦး)၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့(အဖွဲ့ဝင်-၅ဦး)၊ ခရစ်ယာန် အသင်းတော် အဖွဲ့ (အဖွဲ့ဝင်-၇ ဦး)နှင့် ကျောင်းကော်မတီအဖွဲ့ (အဖွဲ့ဝင်-၆ ဦး) စသည်ဖြင့် ကျေးရွာ၏ ဘာသာရေး၊ သာရေး/နာရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေး တို့အတွက် ရည်ရွယ် ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားနည်းသည့်အပြင် အဖွဲ့ အတွင်းတွင်လည်း ပုံမှန်တွေ့ဆုံမှုရှိရန် လိုအပ်ပါသည်။ အဖွဲ့ရည်ရွယ်ချက်များအတိုင်း အကျိုးရှိစွာ လုပ်ဆောင် ရန် လိုအပ်ပါသည်။ အဖွဲ့အစည်းဆိုင်ရာ သင်တန်းများ ပို့ချနိုင်ရန် အဆိုပြုကြပါသည်။

## ၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

## ၂.၂ စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

### ၂.၂.၁ သီးနှံထုတ်လုပ်ရေး

#### ၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၆ | ၁၆% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် (၁ ဟတ်တာထိ) | ၂၀ | ၁၉% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၃၂ | ၃၁% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧကကြား (၅ ဟတ်တာထိ) | ၂၈ | ၂၇% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ ဧကအထက် (၅ ဟတ်တာနှင့် အထက်) | ၇ | ၇% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၁၀၃** | **၁၀၀ %** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဥယျာဉ်ခြံ ဧရိယာသည် လယ်မြေထက် နှစ်ဆနီးပါးခန့်ရှိပြီး ဥယျာဉ်ခြံများတွင်လည်း ကွမ်းသီးပင်ကို အဓိကထား စိုက်ပျိုးသော ကျေးရွာဖြစ်ပါသည်။

### ၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | | | |
| ၂ | ရေလွှဲဆည် | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | |
| ၄ | ဆည်မြောင်း | | | |
| ၅ | အဝီစိတွင်း | | | |
| ၆ | လက်ငင် ရေတွင်း | | | |
| ၇ | စိမ့်စမ်းရေ | | | |
| ၈ | ချောင်းရေ | | | တစ်နှစ်ပတ်လုံး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လယ်မြေများသည် မိုးကောင်းသောက်လယ်များသာ ဖြစ်၍ မိုးရာသီအလွန် စိုက်ပျိုးမည့် သီးနှံများအတွက် ရေတွင်းများတူးဖော်လျှင် ရေအရင်းအမြစ်ကို လက်လှမ်းမှီနိုင်ပါသည်။ ချောင်းနှင့် နီးသော လယ်မြေများသာ အင်ဖုန်းချောင်းရေကို အသုံးပြုနိုင်ပါသည်။

### ၂.၂.၁.၃ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | သီးနှံစိုက်ပျိုးသည့်ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ကွမ်းသီး | ၃၃၀ | ပိဿာ | ၂၀၀ | ၁၀၀ | ၁၅၀ | ဇွန် | နိမ့် | များ | |
| စပါး(မိုး) | ၁၈၀ | တင်း | ၄၀ | ၂၀ | ၃၀ | ဇွန် | အလယ် အလတ် | နိမ့် | |
| စပါး (နွေ) | ၅၀ | တင်း | ၃၀ | ၁၀ | ၂၀ | ဒီဇင်ဘာ | အလယ် အလတ် | နိမ့် | |
| ရာဘာ | ၈၂ | ပေါင် | ၂၀၀ | ၆၀၀ | ၄၀၀ | ဇူလိုင် | များ | နိမ့် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွမ်းသီးမှာဒေသနှင့် သင့်တော်ပြီး သွင်းအားစု လိုအပ်ချက်မှာ အခြားသီးနှံပင်များနှင့် နှိုင်းယှဉ်လျှင် ကုန်ကျစရိတ် သက်သာသဖြင့် စိုက်ပျိုးသူများအနေဖြင့် နှစ်သက်သော သီးနှံတစ်ခု ဖြစ်ပါသည်။ ကွမ်းသီး တစ်ဧကအထွက်နှုန်းမှာ ပျမ်းမျှပိဿာ (၁၅၀) ခန့် သာရှိသည့်အပြင် စပါးသည်လည်း တစ်ဧက (၂၀-၃၀) တင်းသာ ရှိသည့်အတွက်ကြောင့် စိုက်ပျိုးရေး နည်းပညာများ

လိုအပ်ချက် ရှိနေသည်သာမက ၎င်းနည်းစနစ်များအား ဈေးကွက် လက်လှမ်းမီသည်အထိ အရည်အသွေးမြင့် ထုတ်လုပ် မည် ဆိုပါက နှစ်ရှည်ဈေးငွေများလည်း ရရှိရန် လိုအပ်လာမည် ဖြစ်ပါသည်။

### ၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင် ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | ၁ | | |
| ရိတ်သိမ်းစက် | ၁ | | |
| လက်တွန်းထွန်စက် | ၆ | | |
| ခြွေလှေ့စက် | ၆ | | |
| ရေစုပ်စက် | ၂ | | |
| ခြေနင်းရေတင်စက် | ၁ | | |
| မျိုးစေ့ချစက် | ၁ | | |
| မြက်ရိတ်စက် | ၂၆ | - | ဥယျာဉ်ခြံနှင့် ရာဘာစိုက်ခင်းများတွင် ပေါင်းမြက်ရှင်းလင်းရန် အသုံးကြုကြသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လယ်ယာသုံးစက်ကိရိယာများကို တောင်သူကြီးနှင့် အလယ်အလတ်တောင်သူများကသာ အများစု ပိုင်ဆိုင်ကြပါသည်။ အလုပ်သမား ရှားပါးမှုများကြောင့် ဥယျာဉ်ခြံများတွင် ပေါင်းမြက်ရှင်းလင်းရန် မြက်ရိတ်စက်များကို အများအပြား အသုံးပြုကြပါသည်။

### ၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ (စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ဩဇာ) | ရှိ | ရာဘာတိုးချဲ့စိုက်ပျိုးရန် မြေဧက (၁၀၀) ခန့် ကျန်ရှိ ပါသေးသည်။ |
| ရေအရင်းအမြစ် | ရှိ | မိုးနှောင်းရာသီ၌ လယ်မြေများတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် ရေအရင်းအမြစ်ကို ရေတွင်း တူးဖော်၍ ရယူ နိုင်ပါသည်။ |
| သဘာဝမြေဆွေး၊ ဩဂဲနစ် | မရှိ | သဘာဝမြေဆွေးပြုလုပ်သည့်နည်းပညာများ မသိရှိခြင်း၊ အသုံးချနိုင်ခြင်း မရှိသေးပါ။ |
| ဩဂဲနစ်ပိုးသတ်ဆေး | မရှိ | နည်းပညာများ မသိရှိခြင်း၊ အသုံးချနိုင်ခြင်း မရှိသေးပါ။ |
| ဈေးငွေရရှိမှု | ရှိ | စပါးသီးနှံအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ထုတ်ချေးပေးပါသည်။ |
| သွင်းအားစုဈေးကွက် | မရှိ | |
| ဝန်ဆောင်မှုဈေးကွက် | မရှိ | |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | မရှိ | |

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| အခြား(၁) | | |
| အခြား(၂) | | |
| အခြား(၃) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရာဘာစိုက်ပျိုးရန် မြေနေရာများကျန်ရှိနေပြီး လက်ရှိတွင်လည်း ကွမ်းသီးကို အများအပြား စိုက်ပျိုး ထားခြင်းကြောင့် ဈေးကွက်နှင့်သင့်လျော်သော စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်စိုက်ပျိုးခြင်းဆီသို့သာ ဦးတည်ရန်ရှိတော့သည်။ ၎င်းအပြင် လက်ငင်ရေတွင်းများလည်း တူးဖော်ရန် အခြေအနေ ပေး၍ စပါးအပြီး အမယ်စုံသီးနှံများ စိုက်ပျိုးနိုင်မည့် အခွင့်အလမ်းများ ရှိနေပါသည်။

## ၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | ဆင်းရဲသား မိသားစုများအတွက် ရာသီပေါ် သီးနှံ စိုက်ပျိုးရန် မြေနေရာချဲ့ထွင်ခြင်း မရှိနိုင်တော့ပါ။ |
| ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု | ရှိ | ရာဘာစိုက်ပျိုးခြင်းတွင် မြေသြဇာ၊ လုပ်အားခ ထည့်သွင်းရန်အတွက် ချေးငွေရနိုင်သော နေရာ မရှိပါ။ |
| သွင်းအားစုတတ်နိုင်မှု | ရှိ | ရာဘာဈေးနှုန်းသည် ၂၀၁၂ ခုနှစ်လောက်မှ စတင်၍ ကျဆင်းသွားခြင်းကြောင့် ထုတ်လုပ်မှု မရှိတော့ပဲ ရပ်ဆိုင်းထား ခဲ့ရပါသည်။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | ရာဘာဈေးနှုန်း ကျဆင်းခြင်း၊ တစ်ဖက်နိုင်ငံသို့ ကျွမ်းကျင်လုပ်သားများ ရွှေ့ပြောင်းလုပ်ကိုင်ခြင်း၊ ဒေသရှိ ရာဘာစိုက်ခင်းများသည် အစေးထွက်ရှိမှု နည်းပါးသဖြင့် ရာဘာလုပ်သားများ နေ့တွက် မကိုက်ခြင်း၊ |
| ဆည်မြောင်းရေရရှိမှု | မရှိ | |
| မိုးရေမလုံလောက်မှု | မရှိ | |
| စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု | ရှိ | သွင်းအားစု ထည့်သွင်းခြင်းကို မိုးရာသီ၌သာ ထည့်သွင်းကြပြီး ၎င်းအချိန်တွင် မြို့သို့သွားရာလမ်းများ ပျက်စီးသွားခြင်းကြောင့် သယ်ယူပို့ဆောင်ရေး ခက်ခဲခြင်းသည်လည်း အခက်အခဲ တစ်ခုဖြစ်ပါသည်။ |
| ဖျက်ပိုးနှင့်ရောဂါ | မရှိ | စပါးတွင်ဆစ်ပိုးကျရောက်လေ့ရှိပြီးပြင်းထန်မှုမရှိပါ။ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ရှိ | နည်းပညာပေး အဖွဲ့အစည်းများသည် ၂၀၁၂ မတိုင်မီက သွားလာမှု မလုံခြုံခြင်းကြောင့် ကျေးရွာ နှင့် ထိတွေ့မှုနည်းပါးခြင်း၊ သတင်း ဆက်သွယ်ရေး နည်းပညာများ ရင်းနှီး ကျွမ်းဝင်မှုမရှိခြင်း၊ ရယူနိုင်ရန် လက်လှမ်းမမှီခြင်း၊ |

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ဈေးကွက်လက်လှမ်းမှီမှု | ရှိ | ဈေးနှုန်းမှန် ရောင်းချနိုင်ရန်အတွက် ဖွဲ့စည်းဆောင်ရွက်တတ်သည့် အလေ့အထမရှိခြင်း၊ ဈေးကွက်ချိတ်ဆက်မည့် နည်းလမ်းများ မသိရှိခြင်း၊ |
| အစိုးရမူဝါဒနှင့် အစီအစဉ် | မရှိ | |
| အခြား(၁) | | |
| အခြား(၂) | | |
| အခြား(၃) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိုက်ပျိုးရေးတွင် သွင်းအားစုများ ထည့်သွင်းရန် အရင်းအနှီးမရှိခြင်း၊ ဈေးငွေ မရရှိခြင်း၊ အထွက် နှုန်းနည်းသော မျိုးများကိုသာ စိုက်ပျိုးထားခြင်း၊ ဈေးကွက်သဘောတရားများကို မသုံးသပ်နိုင်ခြင်းတို့သည် အဓိကအခက်အခဲများဖြစ်ပါသည်။ လက်ရှိကာလတွင် ဟင်းသီးဟင်းရွက်နှင့် ဖရဲစိုက်ပျိုးသူနည်းပါးခြင်းကြောင့် ကျွဲ၊ နွားနှင့် လူများဖျက်ဆီးမှုများရှိခြင်းကြောင့် အနည်းစု လုပ်ကိုင်ပါက ထိုအခက်အခဲများ ရှိနေဦးမည် ဖြစ်ပါသည်။

## ၂.၂.၂ မွေးမြူရေး လုပ်ငန်း

### ၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၇၀ | နွားကောင်ရေ (၁၇၉) ကောင်ရှိပြီး လယ်ယာလုပ်ငန်း ခွင်၌သာ သုံးသည်။ |
| မြင်း | | |
| ကျွဲ | ၁၇ | ကျွဲကောင်ရေ (၂၁၅) ကောင်ရှိပြီး လယ်ယာလုပ်ငန်း ခွင်၌သာ သုံးသည်။ |
| မြည်း | | |
| လား | | |
| ဆိတ် | ၁ | ဆိတ်မွေးသည့် အိမ်ထောင်စု (၁) စုသာ ရှိပါသည်။ ဆိတ်ကောင်ရေ (၄) ကောင်ခန့် မွေးမြူထား ပါသည်။ |
| သိုး | | |
| ဝက် | ၅၉ | ဂက်ကောင်ရေ (၉၅) ကောင် မွေးမြူထားပါသည်။ |
| ကြက် | ၂၀ | ဒေသကြက် မွေးမြူခြင်းကိုသာ မွေးမြူကြပြီး ကြက်နာရောဂါကျရောက်ချိန်တွင် ဆိုးရွားစွာ ဆုံးရှုံးလေ့ ရှိပါသည်။ |
| ဘဲ | | ဘဲမွေးသည့် အိမ်ထောင်စု (၁၃) စု ရှိပါသည်။ |
| အခြား | | |

| ငါးလုပ်ငန်း |
|---|
| ငါးကန် |
| ပုဇွန်ကန် |
| ရေချိုငါးဖမ်းလုပ်ငန်း |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း |
| ဂဏာန်းမွေးမြူရေးလုပ်ငန်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လယ်ယာလုပ်ငန်းများတွင်အသုံးပြုရန်အတွက် ခိုင်းနွား၊ ခိုင်းကျွဲများကို အဓိက မွေးမြူကြပါသည်။ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းသည် စီးပွားရေးအရ အကျိုးအမြတ်ဖြစ်ထွန်း၍ အားထား မွေးမြူခြင်း ဖြင့် ဝင်ငွေတိုးလာစေသည်သာမက နွားချေး၊ ကျွဲချေးများကို မိမိတို့၏ စိုက်ပျိုးရေး လုပ်ငန်းများတွင် ပြန်လည်ထည့်သွင်းနိုင်ခြင်းကြောင့် မြေဆီဩဇာများကိုပါ ပြန်လည် ကောင်းမွန်လာစေ ပါသည်။တစ်နိုင်တစ်ပိုင်သာ လုပ်ကိုင်ကြပြီး တိရစ္ဆာန်ရောဂါကျရောက်မှုနှင့် ပက်သက်သော ဗဟုသုတနှင့် နည်းပညာ မသိခြင်းကြောင့် ဆုံးရှုံးပျက်စီးမှု များပါသည်။

## ၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | မရှိပါ။ |
| ရေရရှိမှု | လုံလောက်မှုရှိပါသည်။ |
| တိရစ္ဆာန်မျိုး | ဒေသမျိုးများကိုသာ မွေးမြူပါသည်။ |
| ချေးငွေ | မရှိပါ။ |
| သွင်းအားစုဈေးကွက် | မရှိပါ။ |
| ဝန်ဆောင်မှုဈေးကွက် | မရှိပါ။ |
| ထုတ်ကုန်ရောင်းဝယ်မှု | မရှိပါ။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာရှိမှု | တစ်ပိုင်တစ်နိုင် မွေးမြူရေးအတွက် နေရာလုံလောက်မှုများစွာ ကျန်ရှိနေပါသေးသည်။ |
| အခြား(၁) | |
| အခြား(၂) | |
| အခြား(၃) | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စပါးစိုက်ပျိုးရေးကို သာမန်မျှသာအာရုံထား လုပ်ကိုင်ကြပြီး အိမ်ထောင်စုများ၏ မွေးမြူသည့် တိရစ္ဆာန် အကောင်အရေအတွက်မှာ များပြားသည့်အတွက် မွေးမြူရေးဖြင့် စီးပွားရေးကို မှီခိုအားထားနိုင်သည့် အခြေအနေများ ဖြစ်ပါသည်။

မွေးမြူရေးအတွက် ရွာသူရွာသားများမှ တစ်နိုင်တစ်ပိုင် မွေးမြူရန် စိတ်အားထက်သန်မှု များရှိပြီး ချေးငွေနှင့်မွေးမြူရေး နည်းပညာသာ ရရှိနိုင်ပါက တိရစ္ဆာန်အမယ်စုံမွေးမြူလာနိုင်မည် ဖြစ်ပါသည်။

### ၂.၂.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမှီမှု | မရှိပါ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကြက်တွင်အဖြစ်များပါသည်။ |
| သွင်းအားစုဈေးကွက် | မရှိပါ |
| ဝန်ဆောင်မှုဈေးကွက် | မရှိပါ |
| ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက် | ရွာတွင်းသာရှိပါသည်။ |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ | မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ အလွန်နည်းပါးပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ပညာပေး အစီအစဉ်များ ရယူရန် လိုအပ်ပါသည်။ |
| စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမှီမှု | ရှိပါသည်။ |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် လက်လှမ်းမှီမှု | |
| ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု | |
| အရင်းအနှီးလက်လှမ်းမှီမှု | |
| အခြား | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဝက်နှင့်ကြက်ကဲ့သို့သော တိရစ္ဆာန်များကို စီးပွားဖြစ်အကောင်ရေများများ မွေးမြူရန်အတွက်ရောဂါ ကာကွယ်ဆေးများကို အချိန်မှီထိုးနှံမည့် အသိပညာ ဗဟုသုတများရရန် လိုအပ်နေခြင်းကြောင့် အထွက်နှုန်းကောင်းသော မျိုးကောင်းများကို များများစားစား မွေးမြူလိုစိတ်များ နည်းပါးနေခြင်းဖြစ်ပါသည်။ ၎င်းအပြင် စီးပွားဖြစ်မွေးမြူလာပါက ချေးငွေလိုအပ်ချက်များ ရှိလာမည် ဖြစ်ပါသည်။

## ၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

### ၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၂ | ထုတ်ကုန်လုပ်ငန်း | ၉ | | | လတ် (စပါးကြိတ်စက် - ၉၊ အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်) |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၁ | | | နိမ့် (ပန်းရံသမား - ၁) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၁ | | | နိမ့် (ဆံသဆိုင် - ၁) |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၂ | | | လတ် (လက်လီဆိုင် - ၂) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | ၂ | | | နိမ့် (လက်ဖက်ရည်ဆိုင် - ၂) |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၂၁ | | | နိမ့် - လတ် (ဆိုင်ကယ်ကယ်ရီ - ၂၀၊ ဂျစ်ကား - ၁၊ အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်) |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | ၁၀ | | | လတ် (အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်) |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | ၁ | | လတ် (ကျောင်းဆရာမ - ၁) |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၆ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | ၁၀၀ | | နိမ့် (၅၂ အိမ်ထောင်စုမှ ပျမ်းမျှ ၁၀၀ ဦးသည် ထိုင်းနိုင်ငံ၊ မလေးရှား နိုင်ငံတို့တွင် သွားရောက်လုပ်ကိုင်နေကြပါသည်) |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၇ | ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | ၂၅ | ၁၀၁ | ၀ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရှမ်းဒွတ်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်ဘဲ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများမှာ ဆန်စပါးကြိတ်ခွဲခြင်း၊ ပညာရေးဝန်ထမ်း၊ ဥယျာဉ်ခြံမြေအနည်းငယ်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်နှင့် ပန်းရံစသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

လက်ဖက်ရည်ဆိုင်မှာလည်း ကြီးကြီးမားမားမရှိဘဲ ကုန်စုံဆိုင်နှင့်တွဲ၍ ဖွင့်ထားသည့် ဆိုင်မျိုးမျှသာဖြစ်သည်။ ပန်းရံဆရာတစ်ဦးမှာလည်း နွေရာသီတွင်သာ အလုပ်အကိုင်ရရှိ၍ ကျန်သည့် အချိန်များတွင် အလုပ်မရှိကြချေ။ ဆန်စက် (၄) လုံး ရှိသော်လည်း ယခုအချိန်တွင် လည်ပတ်နေသော စက်မှာ (၂) လုံးသာ ရှိပါသည်။ လယ်ယာမြေများမှာ အထွက်နှုန်းနည်းပါးသဖြင့် ဆန်စက်များမှာလည်း ပုံမှန်လည်ပတ်ရန် မလွယ်ကူချေ။

### ၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာ နှင့်အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| ကျေးရွာတွင်း ငြိမ်းချမ်းရေးမရမီကပင် ဘာသာရေးအဆောက်အဦများအား ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ခဲ့သည့် စုပေါင်းဆောင်ရွက်သည့် အလေ့အထများ ရှိနေခြင်း | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း |
| ကျောင်းဆရာနှင့် အသင်းတော် ဥက္ကဋ္ဌ ကဲ့သို့သော ဦးစီးဦးဆောင်သူများမှာ ဖွံ့ဖြိုးရေးကို စိတ်ပါဝင်စားခြင်းနှင့် လူထုကိုစည်းရုံးနိုင်စွမ်းရှိခြင်း | ဒေသနှင့်သင့်တော်သော အသက်မွေးဝမ်းကျောင်းပညာ မရှိခြင်း |
| အကျိုးတူ စုပေါင်းရောင်းချသည့်စနစ်ကို စတင်ကျင့်သုံးနေခြင်း | လူဦးရေများပြား၍ ဥယျာဉ်ခြံမြေ နည်းပါးခြင်း |
| | ကုန်ချောထုတ်လုပ်သည့် နည်းပညာမရှိခြင်း ပညာတတ် နည်းခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရှမ်းဒွတ်ကျေးရွာတွင် ကွမ်းသီးများအား စုပေါင်း၍ ပုလောကုန်း၊ ပုလောသို့ ကားဖြင့် တင်ပို့ရောင်းချသည့် စနစ်ကို စတင်ဆောင်ရွက် နေပါသည်။ ကျေးရွာလူထုသည် ကောက်ရိတ်၊ တောခုတ်ခြင်း လုပ်ငန်းမှလွဲလျှင် ကျန်သည့်အချိန် များတွင် အလုပ်အကိုင်ရှားပါးခြင်းကို နှစ်စဉ်ကြုံတွေ့ရပါသည်။ ဒေသထွက်ကုန်များ (ဒူးရင်းသီး၊ နာနတ်သီးစသည်) တို့ရှိသော်လည်း တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ရန် နည်းပညာ မရှိခြင်း၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် လုပ်ကိုင်ရန် ယုံကြည်ချက်မရှိပေ။ ကလေးများအား မူလတန်းပညာသင်ကြားပေးနိုင်သော်လည်း အလယ်တန်းနှင့် အထက်တန်း ပညာသင်ကြားရန်အတွက်မူ ကုန်ကျစရိတ်များသဖြင့် ထားနိုင်ခြင်းမရှိချေ။ ပညာရေးပြီးဆုံးသည်အထိ သင်ကြားရခြင်းမရှိသူများမှာ အခြားဒေသများနှင့် ထိုင်းနိုင်ငံသို့ သွားရောက်၍ အလုပ်ကြမ်းများ လုပ်ကိုင်ကြရပါသည်။

## ၂.၃ ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမှီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှ အကွာအဝေး(ကီလိုမီတာ) | ပုလောကုန်း<br>(၁.၈ ကီလိုမီတာ) | ပုလော (၉.၆၅ ကီလိုမီတာ) |
| သယ်ယူပို့ဆောင်ရေးလမ်း ကြောင်းနှင့် ၎င်း၏ အထောက် အပံ့များ | စက်လှေ၊ဆိုင်ကယ် | ဆိုင်ကယ်၊ကား |
| ကုန်စည်အမျိုးအစား နှင့် ဝန်ဆောင် ပေးနိုင်မှု | အစားအစာ | အားလုံးရနိုင် |
| ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု | မရှိ | ကောင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဒေသထွက်ကုန်ပစ္စည်းများ (စပါး၊ဒူးရင်း၊နာနတ်စသည်) တို့ကို ပုလောကုန်းနှင့် ပုလောမြို့သို့ တင်ပို့ရောင်းချကြပါသည်။ ပုလောကုန်းနှင့် မိုင်ဝက်သာသာခန့်ဝေး၍ ပုလောမြို့နှင့် (၆) မိုင်ဝေးပါသည်။ သို့သော် ပုလောမြို့သို့ တင်ပို့ရောင်းချပါက ကွမ်းသီးတစ်လုံးဈေးမှာ (၁၀) ကျပ်ဖြစ်၍ ပုလောကုန်း တွင် (၇) ကျပ်သာ ရောင်းချရသည်။

ယခုအခါတွင် ကျောက်ခင်းလမ်း ရရှိပြီဖြစ်သောကြောင့် ကားများ ဝင်ထွက်သွားလာနိုင်ပြီဖြစ်သဖြင့် ပုလောမြို့သို့ တင်ပို့ရောင်းချရန် အဆင်ပြေချောမွေ့လာပြီ ဖြစ်သည်။ နီးစပ်ရာပူးပေါင်း၍ မြို့သို့ စုပေါင်း ရောင်းချသော စနစ်ကို စတင်လုပ်ဆောင်နေပါသည်။

## ၂.၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုး အစား | ပြန်လည် ပေးဆပ်ရ မည့် ကာလ | အတိုး နှုန်း | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| အစိုးရဘဏ် | ချေးငွေ | (၇)လ | (၀.၄၂%) | ပြေစာရှိရန် လိုအပ် | သတ်မှတ်ထား သော စည်းကမ်း အတိုင်း |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုး အစား | ပြန်လည် ပေးဆပ်ရ မည့် ကာလ | အတိုး နှုန်း | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု/ ငွေချေး အစီအစဉ် | | | | | |
| ငွေချေးပေးသူ | | | | | |
| အပေါင်ဆိုင် | ချေးငွေ | ၁-၃ နှစ် | (၃%) လ တိုး | ရွှေ | သတ်မှတ်ထား သော စည်းမျဉ်း များ အတိုင်း သာ |
| မိတ်ဆွေနှင့်ဆွေမျိုးများ | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မြန်မာလယ်ယာစိုက်ပျိုးရေးဘဏ်**

မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ တောင်သူများအား လယ်တစ်ဧကလျှင် (၁၀၀,၀၀၀) ကျပ်နှုန်းဖြင့် အများဆုံးထုတ်ချေးငွေ ပမာဏမှာ (၁,၀၀၀,၀၀၀) ကျပ်သာ ဖြစ်ပါသည်။ ချေးငွေ ကာလမှာ (၇) လ ဖြစ်ပါသည်။အတိုးနှုန်းမှာ (၀.၄၂ကျပ်/လတိုး) ဖြစ်သည်။ ငွေထုတ်ချေးရန်ပုံစံ (၇) လိုအပ်သည်။ ချေးငွေစည်းမျဉ်းများ လျှော့ချနိုင်ပါက လယ်သမားများအတွက် ပိုမိုအဆင်ပြေ ချောမွေ့နိုင်ပါသည်။

## ၂.၅ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှု

### ၂.၅.၁ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာကြွယ်ဝမှု | သင့် | တောင်ကုန်းများကိုခုတ်ထွင်ရှင်လင်း၍ ရာသာ စိုက်ပျိုးခြင်းကြောင့် မြေဆီလွှာများ မျော၍ ဆုံးရှုံးခြင်း၊ လယ်မြေများတွင် သဘာဝမြေသြဇာ ပြန်လည် ထည့်သွင်းခြင်းမရှိခြင်း။ |
| အပင်မျိုးစိတ်များ | မြင့် | တောတောင်များရှင်းလင်း၍ ရာသာများ နေရာလပ်မကျန်စိုက်ပျိုးလာခြင်း။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် | နိမ့် | |

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ထိန်းချုပ်မှု | | |
| ရေအရင်းအမြစ် | နိမ့် | |
| ငါးမျိုးကွဲများ | နိမ့် | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် | စိုက်ပျိုးမြေများချဲ့ထွင်လာခြင်းကြောင့်တိရစ္ဆာန်မျိုးကွဲများရှင်သန်ရန်နေရာရှားပါးလာပါသည်။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | နိမ့် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လက်ရှိတွင် တောင်ကုန်းများ ခုတ်ထွင်ရှင်းလင်း၍ ရာသာစိုက်ပျိုးလာခြင်းကြောင့် မြေဆီလွှာများ မျောပါဆုံးရှုံးခြင်း၊ လယ်မြေများတွင် သဘာဝမြေဩဇာများ ပြန်လည် ထည့်သွင်းမှု မရှိခြင်းတို့ကြောင့် မြေဆီဩဇာများ နည်းပါးလာပြီး သီးနှံထုတ်လုပ်မှုများအတွက် အခက်အခဲများ ဖြစ်လာမည် ဖြစ်ပါသည်။ တောတောင်များ ခုတ်ထွင်ရှင်းလင်းလာခြင်းကြောင့် အပင်မျိုးစိတ်များနှင့် အခြား တောတိရစ္ဆာန်များလည်း နည်းပါးလာပြီ ဖြစ်ပါသည်။

## ၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

| အမျိုးအစား | အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေး အန္တရာယ် လျှော့ချ ရေးအလေ့အကျင့်များ |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | လတ် | ချောင်းများ တိမ်ကောလာသဖြင့် ရေစီးဆင်းမှု နှေးသွားပြီး ပုံမှန်ထက် မိုးရွာသွန်းမှုများသည့်နှစ်များတွင် စိုးရိမ် ရနိုင်သည်။ | မရှိ |
| မီးဘေး | နည်း | အိမ်ခြေကျဲပါး၍ ဖြစ်လေ့ဖြစ်ထ မရှိပါ။ | |
| မုန်တိုင်း | လတ် | ကမ်းရိုးတန်းဒေသဖြစ်၍မုန်တိုင်း ဖြစ်ပေါ်လျှင်ဆိုးဝါးစွာထိခိုက်နိုင်ပါသည်။ သို့သော် ကုန်းမြင့်ဒေသဖြစ်၍ အိမ်ခြေများ ရေလွှမ်းမိုးမှု သက်သာနိုင်ပါသည်။ | မရှိ |
| ငလျှင် | နည်း | မရှိပါ။ | |
| မိုးခေါင်ခြင်း | နည်း | မရှိပါ။ | |
| အအေးလှိုင်း | နည်း | မရှိပါ။ | |
| ပဋိပက္ခ | နည်း | မရှိပါ။ | |
| တိရစ္ဆာန်ရောဂါဖြစ်ပွါးမှု | လတ် | ကြက်တွင် အဖြစ်များပါသည်။ | |
| လူရောဂါဖြစ်ပွါးမှု | လတ် | တစ်ဖက်နိုင်ငံသို့ ရွှေ့ပြောင်း လုပ်ကိုင်သူ | မရှိ |

| အမျိုးအစား | အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေး အ န္တရာယ် လျှော့ချ ရေးအလေ့အကျင့်များ |
|---|---|---|---|
| | | များသဖြင့် ခုခံအား ကျဆင်းမှု ရောဂါကဲ့ သို့သော ရောဂါများ ဖြစ်နိုင်သည်။ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် မိုးရာသီရေကြီးကာလများတွင် ချောင်းများ ရေလျှံမှုများ ဖြစ်ပေါ်လာပြီး ရေစီးအားသန်ခြင်းတို့ကြောင့် ဖြတ်ကူးစဉ် လူ၊ တိရစ္ဆာန်များအတွက် အန္တရာယ် ဖြစ်လာနိုင်ချေ ရှိပါသည်။ ကမ်းရိုးတန်းဒေသများဖြစ်၍ မုန်တိုင်း ဖြစ်ပေါ်လျှင် ဆိုးဝါးစွာ ထိခိုက်နိုင်ပါသည်။ သို့သော်လည်း ကုန်းမြင့်ဒေသဖြစ်၍ အိမ်ခြေများရေလွှမ်းမိုးမှု သက်သာနိုင်ပါသည်။

ငှင်းအပြင် ရွှေ့ပြောင်းလုပ်ကိုင်သူ လူငယ်၊ လူရွယ်များအတွက် အပျော်အပါးများမှတဆင့် ကူးစက်ရောဂါရနိုင်သည့် အလာအလာများလည်း ရှိလာလိမ့်မည် ဖြစ်ပါသည်။ ကျန်းမာရေး ပညာပေး အစီအစဉ်များကို ငှင်းရွှေ့ပြောင်း လုပ်ကိုင်သူများအား ဟောပြောပေးနိုင်မည်ဆိုလျှင် ကူးစက်ရောဂါ ဖြစ်ပွားမှုကို လျှော့ချနိုင်မည် ဖြစ်ပါသည်။

## ၂.၆ ပညာရေး

### ၂.၆.၁ ပညာရေး နှင့် စာတတ်မြောက်မှု

ဇယား (၂၇) ပညာရေး နှင့် စာတတ်မြောက်မှု

| ပညာရေး | ကျား | မ | ပေါင်း | ၉ နှစ်နှင့် အထက်လူဦးရေ၏ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၄ | ၄ | ၈ | ၁.၈၀% |
| ဘာသာရေးအခြေပြုပညာရေး | ၁၀ | ၁ | ၁၁ | ၂.၄၈% |
| မူလတန်းမပြီးဆုံးမီ ကျောင်းထွက်သူဦးရေ | - | - | - | -% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၉၄ | ၁၆၅ | ၃၅၉ | ၈၀.၈၅% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၀ | ၅၀ | ၆၀ | ၁၃.၅၁% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂ | ၁ | ၃ | ၀.၆၈% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၁ | ၂ | ၃ | ၀.၆၈% |
| **၉ နှစ် အထက် လူဦးရေပေါင်း** | **၂၂၁** | **၂၂၃** | **၄၄၄** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရှမ်းဒွတ်ကျေးရွာတွင် စာတတ်မြောက်မှုမှာ (၉၈.၂) ရာခိုင်နှုန်း ရှိပြီး အားလုံးနီးပါး မူလတန်းပညာ သင်ကြားခဲ့ကြရသည်။ ရှမ်းဒွတ်ကျေးရွာတွင် မူလတန်းမပြီးမီ ကျောင်းထွက်သူ ဦးရေ စာရင်းကိုကောက်ယူခြင်းမရှိခဲ့ပါ။အလယ်တန်းနှင့် အထက်တန်းအထိ ပညာသင်ကြား ရသူမှာ

ကျေးရွာ၏ (၁၄) ရာခိုင်နှုန်းကျော်သာရှိသည်။ ပညာတတ်များ ပေါ်ထွက်လာရန် အလယ်တန်းကျောင်း၊ အထက်တန်း ကျောင်းနှင့် မိဘ၊ ဆရာပူးပေါင်းမှု အင်အားကောင်းမွန်လာရန် လိုအပ်ပါသည်။

## ၂.၆.၂ ကျောင်းတက်နှုန်း

ဇယား (၂၈) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၅၆ | ၆၇ | ၁၂၃ | ၁၂၃/၉၇ = ၁၂၇% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၃၁ | ၃၇ | ၆၈ | ၆၈/၈၅ = ၈၀% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၀ | ၃ | ၃ | |
| တက္ကသိုလ်ကျောင်းသား၊သူ | ၂ | ၁ | ၃ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရှမ်းဒွတ်ကျေးရွာတွင် မူလွန်ကျောင်းရှိပြီး အနီးအနားကျေးရွာများမှ ကျောင်းသူ/ကျောင်းသားများပါ လာရောက်ပညာသင်ကြားကြပါသည်။ ရှမ်းဒွတ်ကျေးရွာ၏ လက်ရှိမူလတန်းတက်ရောက်နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉) နှစ် အရေအတွက် နှင့် နှိုင်းယှဉ်လျှင် (၂၇) ရာခိုင်နှုန်း ပိုနေခြင်းမှာ မူလတန်းတက်ရောက်နေသူအချို့မှာ (၉) နှစ်ထက် အသက်ကြီးနေသောကြောင့် ဖြစ်ပါသည်။

## ၂.၆.၃ စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ နှင့် လက်လှမ်းမှီမှု

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">မူလတန်းကျောင်း</th><th colspan="3">အထက်တန်းကျောင်း</th></tr>
<tr><td>ရွာမှအကွာအဝေး(ကီလိုမီတာ)</td><td colspan="3">ကျေးရွာတွင်း</td><td colspan="3">ကျေးရွာတွင်း(မူလွန်)၊<br>ပုလောကုန်း (၀.၆ ကီလိုမီတာ)</td></tr>
<tr><td>သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု</td><td colspan="3">ခြေလျင်</td><td colspan="3">ခြေလျင်၊ စက်လှေ</td></tr>
<tr><td>စာသင်ကျောင်းအရွယ်အစား<br>(အလျား၊ အနံ၊အမြင့်)</td><td colspan="3">၃၀ ပေ x ၁၂၀ ပေ x ၁၂ ပေ</td><td colspan="3"></td></tr>
<tr><td>အမိုး၊နံရံ၊အခင်း အရည်အသွေး</td><td colspan="3">သွပ်မိုး၊အုတ်ကာ၊<br>ကွန်ကရစ်ခင်း</td><td colspan="3">သွပ်မိုး၊အုတ်ကာ၊ ကွန်ဂရစ်ခင်း</td></tr>
<tr><td>ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ)</td><td colspan="3">လုံလောက်မှုမရှိ (၁ပေ x ၆ ပေ) စာရေးစားပွဲနှင့် ထိုင်ခုံ (၁၀) စုံ လိုအပ်</td><td colspan="3"></td></tr>
<tr><td>ကျောင်းဆရာဦးရေ</td><td>ကျား</td><td>မ</td><td>ကျောင်းဆရာဦးရေ</td><td>ကျား</td><td>မ</td><td>ကျောင်းဆရာဦးရေ</td></tr>
<tr><td></td><td></td><td>၈</td><td></td><td></td><td>၈</td><td></td></tr>
</table>

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင် မူကြိုကျောင်း မရှိသေးပေ။ လက်ရှိတွင် ခရစ်ယာန်ဘုရားကျောင်းအတွင်း၌သာ သင်ကြားပေးနေသည်။ မူကြိုကျောင်းဆောက်လုပ်ရန် အသင်းထောက်အဖွဲ့မှ ဆွေးနွေးထားပြီးဖြစ်သည်။

### ၂.၆.၄ ပညာရေး အခက်အခဲ နှင့် ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၈ ဦး |
| တပည့် ဆရာ အချိုး | ၂၂ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိပါ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိပါ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာ | လုံလောက်မှုရှိ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | ဆင်းရဲသောမိသားစုများအနေဖြင့် မူလတန်းကို ကျေးရွာ ၌ပင် ထားနိုင်ပြီး ကုန်ကျစရိတ်မှာလည်း သက်သာသည်။ အခြားဒေသသို့ သွားရောက်၍ အလယ်တန်း ပညာသင်ယူရသဖြင့် ကုန်ကျစရိတ်များသည် သာမက ပညာရေးအခြေခံ အားနည်းမှုကြောင့် အထက်တန်း အောင်မြင်မှုမှာ ရာခိုင်နှုန်း နည်းပါးလှပါသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျောင်းကော်မတီနှင့်ပူးပေါင်း၍ ကျောင်းပရိဘောဂ အစ ရှိသည့် စာသင်ကျောင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းနှင့် မိဘဆရာ နှစ်ပတ်လည် အစည်းအဝေး၊ ဆုပေးပွဲကိုဦးဆောင်ခြင်းဖြစ်သည်။ (ဥပမာ-ခြံစည်းရိုးကာခြင်း)။ ကျောင်းအိမ်သာမှာ (၄) ခန်းသာရှိ၍ ဆရာမများအတွက် (၂) လုံး၊ ကျောင်းသားများ အတွက် (၂) လုံးဖြစ်သည်။ ထို့အတွက် ပညာရေးဌာနကို တင်ပြထားပါသည်။ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် အစီအစဉ်ရှိပါသည်။

## ၂.၇ ကျန်းမာရေး နှင့် အာဟာရ

### ၂.၇.၁ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

| | | | |
|---|---|---|---|
| ၁.ငှက်ဖျား | ၂.ဝမ်းပျက်ဝမ်းလျော | ၃. | ၄. |
| ၅. | ၆. | ၇. | ၈. |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရှမ်းဒွတ်ကျေးရွာသည် တော၊ တောင်တို့နှင့် နီးကပ်စွာ တည်ရှိသောကြောင့် ဇွန်၊ ဇူလိုင်လတွင် ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျော ရောဂါများ အဖြစ်များကြသည်။

## ၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (ကီလို) | အခန်း/ ကုတင် (လုံလောက်မှု ရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ် သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ် ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာနခွဲ | (၀.၈ ကီလိုမီ တာ) ပုလော ကုန်း | မရှိ | သားဖွားဆရာမ…၁ အရံသားဖွား-၃ | အရေးပေါ်မဟုတ် သောကိစ္စရပ်များ အတွက် လုံလောက်မှုရှိ | |
| ဆေးရုံ | (၉.၆၅ ကီလိုမီ တာ) ပုလော | မရှိ | ဆရာဝန်………၄. သူနာပြု……… သားဖွားဆရာမ….၃ …… ကျန်းမာ ရေးလုပ်သား | လုံလောက်မှုရှိ | |
| ဆေးဆိုင် | (၉.၆၅ ကီလိုမီ တာ) ပုလော | | ဆေးဝါးကျွမ်းကျင် သူ | လက်လှမ်းမှီမှု ဆေးဝါး…. သိုလှောင်ပုံ စနစ်အအေး ခန်း စနစ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာ၌ အရံသားဖွားဆရာမ (၃) ဦး ရှိသည်။ ပုလောကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိ၍ သားဖွားဆရာမ (၁) ဦး ရှိသည်။ ပုလောကုန်းနှင့် မိုင်ဂက် (၀.၈) ကီလိုမီတာသာ ကွာဝေးသော်လည်း မိုးတွင်းကာလတွင် ချောင်းကူးရန် ခက်ခဲ၍ ပုလောသို့သာ များသောအားဖြင့် သွားရောက်ကြပါသည်။

တစ်လလျှင် တစ်ကြိမ် ကိုယ်ဝန်ဆောင်မိခင်များနှင့် (၁) နှစ်အောက် ကလေးငယ်များအား ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်များရှိသည်။ ကျေးရွာရှိ အရံသားဖွားများမှာ မွမ်းမံသင်တန်းများ ရရှိရန် လိုအပ်သည်။

ရှမ်းဒွတ်ကျေးရွာတွင် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော ကျေးလက်ဆေးပေးခန်း ရှိသော်လည်း သားဖွားဆရာမ မရှိသေးသောကြောင့် ကျန်းမာရေးကိစ္စရပ်များအတွက် ပုလောမြို့သို့ သွားရောက်ကုသကြရသဖြင့် ကုန်ကျစရိတ်များခြင်းကြောင့် အခက်အခဲများကြုံတွေ့ရပါသည်။

### ၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု နွေ | မိုး | ဆောင်း | အခြား |
|---|---|---|---|---|---|---|
| ရေတွင်း | ၃ | ကောင်း | ရှိ | ရှိ | ရှိ | |
| အဝီစိတွင်း | | | | | | |
| အဝီစိတွင်း၊ စက်တွင်း | | | | | | |
| ကန် | | | | | | |
| မြစ်/ချောင်း | | | | | | |
| မိုးရေသိုလှောင်ကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | ၁ | ကောင်း | ရှိ | ရှိ | ရှိ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိမ့်စမ်းရေကို ဂါလံ (၅၀၀၀) ခန့် ဆန့်သော ရေလှောင်တမံငယ်မှတဆင့် သောက်သုံးရေကို သွယ်ယူထားခြင်းကြောင့် လုံလောက်စွာရရှိသော်လည်း နွေကာလ(တပေါင်း-တန်ခူး) တွင် ရေလုံလောက်မှုမရှိ၍ ချွေတာစွာသုံးစွဲကြရသည်။

### ၂.၇.၄ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၄၁ | |
| ကျင်းအိမ်သာ | ၅၃ | ကျန်းမာရေးဗဟုသုတအားနည်း၍ ဝင်ငွေနည်းသော အိမ်ထောင်စုများ |
| တောထိုင် | ၉ | ကျန်းမာရေးဗဟုသုတအားနည်း၍ ဝင်ငွေနည်းသော အိမ်ထောင်စုများ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရှမ်းဒွတ်ကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲနိုင်သူ အရေအတွက်မှာ (၄၁) အိမ်ထောင်စုနှင့် ကျန် (၅၃) အိမ်ထောင်စုမှာ ကျင်းအိမ်သာ သုံးစွဲကြပြီး တောထိုင်သူ (၉) အိမ်ထောင်စု ရှိပါသည်။ အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာ သုံးစွဲအသုံးပြုနိုင်ရန် အသိပညာပေး ဆွေးနွေးခြင်း၊ စရိတ်နည်းသော ယင်လုံအိမ်သာများ ဆောက်လုပ်နည်းစနစ်များ ရရှိရန် လိုအပ်နေပါသည်။

## ၂.၈ လမ်းတံတား အခြေအနေ

### ၂.၈.၁ ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာများတွင် လမ်းတံတား တည်ရှိမှု အခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုးအစား (၁၊၂၊၃) | ကောင်း/ ဆိုး | တည်ဆောက်ခဲ့သော နှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု ပွင့်လင်းရာသီ | ရာသီအလိုက် သုံးစွဲနိုင်မှု တစ်နှစ်ပါတ်လုံး | လမ်းအရှည် (ကီလိုမီတာ) |
|---|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ | ကောင်း | ၂၀၁၅ | | ရှိ | ၃.၂ကီလို |
| ချဉ်းကပ်လမ်း | ၃ | ကောင်း | ၂၀၁၅ | | ရှိ | ၄.၈ ကီလို |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

| လမ်းတံတား အမျိုးအစား | အရွယ်အစား | ကောင်း/ ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ ပွင့်လင်းရာသီ | အသုံးပြုနိုင်သည့်ရာသီ တစ်နှစ်လုံး |
|---|---|---|---|---|---|
| ဆိပ်ခံတံတား | | | | | |
| တံတား | (၆ပေ၊၁၀ပေ) | ဆိုး | ၂၀၁၃ | | ကားသွားရန် မဖြစ်နိုင် ပေ၊ဆိုင်ကယ်သာသွားလို့ရ။ |
| တံတား | (၁၃ပေ၊၁၀ပေ) | ကောင်း | ၂၀၁၃ | | တစ်နှစ်လုံး |
| ကွန်ကရစ်တံတား | ၂၀ ပေ၊ ၁၅ ပေ | ကောင်း | ၂၀၁၃ | | တစ်နှစ်လုံး |
| ကြိုးတံတား | | | | | |
| ရေပြွန် | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင်းရှိ တံတားများမှာ သစ်သားတံတားများဖြစ်၍ နှစ်ကာလ ကြာမြင့်လာပြီ ဖြစ်ခြင်း၊ တံတားအကျယ် ကျဉ်းမြောင်းခြင်းတို့ကြောင့် ဆိုင်ကယ်၊ စက်ဘီးများသာ သွားလာနိုင်သည်။ ထို တံတားများအား ကားများဖြတ်သန်းသွားလာနိုင်၍ တစ်နှစ်ပတ်လုံး သွားလာနိုင်သော တံတားများဖြစ်ပါက ကုန်စည်ရောင်းဝယ်မှုတိုးတက်လာခြင်း၊ ပညာရေး ကောင်းမွန်လာခြင်းနှင့် အရေးပေါ် ကျန်းမာရေး ကိစ္စရပ်များအတွက် များစွာ အဆင်ပြေချောမွေ့လာ နိုင်ပါသည်။

## ၂.၈.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (ကီလိုမီတာ) | ယာဉ်အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု ပွင့်လင်းရာသီ | ရာသီအလိုက်သုံးစွဲနိုင်မှု တစ်နှစ်ပါတ်လုံး |
|---|---|---|---|---|
| မြစ်ကြောင်း ပင်လယ်ရေကြောင်း | မိုးတွင်းကာလ | စက်လှေ | မိုးရာသီကာလသာ သွားနိုင်၊(၇)လသာ | မြစ်ကြောင်း ပင်လယ်ရေကြောင်း |

၁ " လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိုးတွင်းကာလတွင် သယ်ယူပို့ဆောင်ရေးအတွက် ရေကြောင်းကိုသာ အားထားကြရပြီး မြို့သို့သွားရာ မြေသားလမ်းမှာ စစ်ပြင်ကြီးကျေးရွာအနီး၌ မိုးကာလတွင် ရွှံ့ထူထပ်ခြင်းကြောင့် ကုန်စည်ပို့ဆောင်ခြင်းနှင့် ခရီးသွားလာခြင်းတို့အတွက် အသုံးပြုကြပါသည်။ စက်လှေ(၃)စီးမှာ မိကျောင်းသိုက်မှဖြစ်၍ မြို့သို့ အသွားအပြန် ကုန်ကျစရိတ်မှာ (၂၀၀၀) ကျပ် ဖြစ်ပါသည်။

## ၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များ နှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ဘတ်စ်ကား | မြင်းလှည်း |
|---|---|---|---|---|---|---|---|
| အရေအတွက် | မရှိ | မရှိ | ၁၃ | ၄၃ | မရှိ | မရှိ | မရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဒေသထွက်ကုန်ပစ္စည်းများကို ပုလောမြို့သို့ တင်ပို့ရောင်းချရာတွင် လည်းကောင်း၊ သွားလာရေးအတွက် သော်လည်းကောင်း ဆိုင်ကယ် ဖြင့်သာသွားကြသည်။ သို့ရာတွင် ကွမ်းသီးနှင့် ဒူးရင်းသီး ပေါ်ချိန်တို့တွင်မူ ထွက်ကုန်ပစ္စည်းများ သယ်ယူရန် ကားမရှိခြင်း၊ တုတ်တုတ်ကဲ့သို့သော ယာဉ်များ မရှိခြင်း တို့ကြောင့် အခြားဒေသမှမော်တော်ယာဉ်များ ငှားရမ်း၍ တင်ပို့ကြရပါသည်။

## ၂.၉ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | | | |
| ဆိုလာစနစ် | ၇ | ကောင်း | မိုးတွင်းကာလနေရောင်ခြည် ရရှိမှုနည်း၍ သုံးရန်အဆင်မပြေ |

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေး စနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ၊မရှိ |
|---|---|---|---|
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | ၆ | သင့် | တစ်ဦးချင်း အိမ်သုံးရန်သာ အဆင်ပြေ |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ(အခြား) | ၉၀ | သင့် | ဖယောင်းတိုင်၊ဒီဇယ်ဆီစသည်ဖြင့် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ပုလောမြို့နယ်တွင် ရရှိသော ပုဂ္ဂလိက လျှပ်စစ်ဓါတ်အားပေးလိုင်းမှာ ရှမ်းဒွတ်ကျေးရွာသို့ မရောက်ရှိသေးပါ။ ထို့ကြောင့် ကျေးရွာ၏ (၈၅) ရာခိုင်နှုန်းမှာ ဖယောင်းတိုင်၊ ဒီဇယ်မီးခွက်၊ ဘက်ထရီ အစရှိသည်တို့ကို သုံးစွဲအသုံးပြုကြသည်။ ဆိုလာသုံးစွဲသူ အနည်းငယ်နှင့် ဒီဇယ်အင်ဂျင် သုံးစွဲသူ အနည်းငယ်တို့သာ ရှိပါသည်။

## ၂.၁၀ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာ နှင့်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|
| အရေ အတွက် | ၇ | ၄ | ၁၂ | ၀ | ၀ | ၀ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

သတင်းအချက်အလက်ကို တီဗွီ၊ ရေဒီယို၊ ဖုန်း (CDMA) တို့မှ ရရှိပါသည်။ သို့ရာတွင် ကျေးရွာအိမ်ထောင်စု၏ (၁၅) ရာခိုင်နှုန်းခန့်သာ လက်လှမ်းမီပါသည်။ ဆိုလာ၊ ဒီဇယ်အင်ဂျင် မီးသုံးစွဲသူများမှသာ တီဗွီကြည့်နိုင်ပြီး CDMA ဖုန်းလိုင်းသာ သုံးစွဲနိုင်သောကြောင့် သတင်းအချက် အလက် ရရှိမှု နည်းပါးပါသည်။

## ၂.၁၁ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု | မရှိ | ဗွီဒီယိုရုံ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများ ပေးခြင်း |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ဘာသာရေးပွဲများတွင် ဝန်ဆောင်မှုများပေးခြင်း |
| အားကစားပစ္စည်းများအားလက်လှမ်း မှီမှု | မရှိ | ကျေးရွာအားကစားကွင်း၊ အားကစားပြိုင်ပွဲ၊ စသည်တိုင်းတွင် ပါဝင်ခွင့် |

| လုပ်ငန်းအမည် | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | အားနည်း | ကျေးရွာအဖွဲ့အစည်းများတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ခြင်း၊ စေတနာအကျိုးဆောင် အဖြစ် ဆောင်ရွက်ခြင်း |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှိ | ရိုးရာယဉ်ကျေးမှုထိန်းသိမ်းလိုစိတ်ဖြစ်ပေါ်စေရေးအတွက်လိုအပ်သော အထောက်အပံ့များ |
| စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမှီမှု | မရှိ | စာကြည့်တိုက်၊အင်တာနက်၊ဂျာနယ် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာရှိလူငယ်များမှာ ဖုန်းလိုင်းများ လက်လှမ်းမှီမှု အားနည်းခြင်းကြောင့် အင်တာနက်၊ အီးမေးလ်၊ ဖေ့ဘုတ်အစရှိသည့် သတင်းအချက်အလက်များကို သုံးစွဲအသုံးပြုနိုင်ခြင်းမရှိပါ။ ဘာသာရေး ပွဲတော်များ၊ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာဖြင့် ပါဝင်လုပ်ဆောင်ကြပါသည်။ ဗဟုသုတ လေ့လာရန် စာကြည့်တိုက်မရှိပေ။ လူငယ်များအနေဖြင့် အပန်းဖြေရန် ဘောလုံးကန်ခြင်းသာရှိပါသည်။ ကရင်ရိုးရာပွဲတော်တို့တွင် တက်ကြွစွာ ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြပါသည်။

## ၂.၁၂ ကျေးရွာတည်ငြိမ်ရေး နှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

### ၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမှီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမ

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦး များအားလက်လှမ်းမှီမှု | မရှိ | |
| အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု | မရှိ | |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | မရှိ | |
| ရဲစခန်းများအား လက်လှမ်းမှီမှု | မရှိ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရှမ်းဒွတ်ကျေးရွာသည် ပုလောမြို့နှင့် (၆) မိုင်ခန့်သာ ကွာဝေးသော်လည်း ဆက်သွယ်ရေး လက်လှမ်းမီမှုမှာ အလွန်ပင် အားနည်းပါသည်။ တယ်လီဖုန်းလိုင်းအနေဖြင့် CDMA တစ်လိုင်းသာ လျှင် ဆက်သွယ်အသုံးပြုနိုင်သည်။ ကျေးရွာတွင်ရေကြီးခြင်း၊ တောမီးလောင်ခြင်းစသည့် သဘာဝဘေး အန္တရာယ်များ တခါတရံ ကြုံတွေ့ရသော်လည်း သဘာဝဘေးအန္တရာယ် လျှော့ချခြင်း အစီအစဉ် တစ်စုံတစ်ရာမရှိချေ။ ကျန်းမာရေး အာမခံ၊ မီးအာမခံ၊ အသက်အာမခံ စသည့်လုပ်ငန်းများမှာ ပုလောမြို့တွင်ပင် လက်လှမ်းမီမှု မရှိသေးပါ။ ရဲစခန်းမှာလည်း ပုလောမြို့တွင်ပင် ရှိသဖြင့် ဆက်သွယ်မှုရရှိရန် အလှမ်းဝေးနေပါသည်။

### ၂.၁၂.၂ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| ပြင်းထန်/မထန် | ၂ (မရှိ) | ၂ (မရှိ) | မရှိ | ၂ (မရှိ) |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၂-၂၃ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

Note: ၁။ စိုးရိမ် ၂။ သာမာန်

ရှမ်းဒွတ်ကျေးရွာတွင် နေထိုင်သူများမှာ ကရင်လူမျိုးများ ဖြစ်ကြပြီး ကိုးကွယ်သည့် ဘာသာမှာ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ ဖြစ်ကြသည်။ သို့ရာတွင် စုပေါင်းလုပ်ကိုင်ကြပြီး မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံးနေထိုင်ကြသဖြင့် ပြဿနာကြီးကြီးမားမားဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ အမှုအခင်း ဖြစ်ပွားလေ့မရှိပါ။

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **လူသား အရင်းအမြစ်**<br>• အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ များပြားခြင်း။<br>• လူကြီး၊လူငယ်များ စုပေါင်း လက်တွဲ ဆောင်ရွက်လေ့ရှိခြင်း။ | • ရှမ်းဒွတ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာကျား (၁၆၁) ဦးနှင့်မ (၁၆၃) ဦး၊ စုစုပေါင်း (၃၂၄)ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၅၃) % ရှိပါသည်။ လက်ရှိ အထက်တန်း ပညာ တက်ရောက်သင်ကြားနေသူ (၆၀) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၃) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၃)ဦး ရှိသောကြောင့် အနာဂတ် ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များရှိနေပါသည်။<br>• ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင် ဖြစ်သည်။ |
| **သီးနှံ ထုတ်လုပ်ရေး**<br>• ချောင်းကောမြောင်းကောများအား ပြန်လည်တူးဖော်ရန် အစီအစဉ်များရှိခြင်း<br>• စိုက်ပျိုးမြေ ဧရိယာ ကျယ်ကျယ်ပြန့်ပြန့် ရှိခြင်း | • မိုးရာသီတွင် ရှမ်းဒွတ်ချောင်း ရေလျှံမှုကြောင့် လယ်မြေများ ရေနစ်မြုပ်သည့် အခြေအနေများ နှင့် ရင်ဆိုင်နေရသောကြောင့် စပါးအထွက်နှုန်းများ နည်းပါးသည့် အခက်အခဲများ ရင်ဆိုင်နေကြရရာ ပုလောမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနမှ ချောင်းကောမြောင်းကောများအား တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်သည့် မူဝါဒရှိခြင်းကြောင့် ကျေးရွာရှိ တောင်သူလယ်သမား အစုအဖွဲ့များမှ ချိတ်ဆက်ဆောင်ရွက်မည်ဆိုပါက များစွာ အလားအလာ ရှိမည် ဖြစ်ပါသည်၊<br>• ရှမ်းဒွတ်ကျေးရွာတွင် ကွမ်းသီး၊ စပါး နှင့် ရာဘာ သီးနှံများ စိုက်ပျိုးထုတ်လုပ်သော်လည်း လက်ရှိ အထွက်နှုန်းမှာ စီးပွားဖြစ်တွက်ခြေကိုက်သည့် အဆင့်အထိ မရှိနိုင်သေးပဲ မိသားစုဝမ်းရေးကို အသင့်အတင့်သာ အထောက်အကူပြုနိုင်မည့် စိုက်ပျိုးထုတ်လုပ်သည့် အဆင့်သာ ရှိသေးသည်ဟု ဆိုရမည်ဖြစ်ပါသည်။ သို့သော်လည်း လက်ရှိ သီးနှံစိုက်ပျိုးသည့် မြေဧရိယာ ကျယ်ကျယ်ပြန့်ပြန့် ပိုင်ဆိုင်ထားရှိမှု နှင့် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးသီးနှံများဖြစ်၍ အထွက်တိုး နည်းပညာအတိုင်း ထပ်တိုး ကြိုးပမ်းအားထုတ် လာမည်ဆိုလျှင် စိုက်ပျိုးရေး လုပ်ငန်းမှ ဝင်ငွေတိုး၍ ရလာနိုင်သည့် အခြေအနေတစ်ရပ် ဖြစ်လာမည် ဖြစ်ပါသည်။ |
| **တိရစ္ဆာန် မွေးမြူရေး**<br>• မြေနေရာ အခက်အခဲ မရှိခြင်း<br>• ဝက်ဈေးကွက်ကောင်းခြင်း | • မွေးမြူရန် မြေနေရာ အခက်အခဲ မရှိခြင်း၊ အစာအစာများ အလွယ်တကူ ရရှိနိုင်ခြင်း၊ ဝက်ဈေးကွက်ကောင်းခြင်း (မြိတ်၊ ပုလောမှ လာဝယ်ခြင်း)၊ မွေးမြူရေးသုံးပစ္စည်း၊ ထွက်ကုန်များ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| | သယ်ယူရန် လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ခြင်း စသည်တို့ကြောင့် ဝက်မွေးမြူရေးသည် ဆင်းရဲသော အိမ်ထောင်စုများအတွက် အသင့်တော်ဆုံး ဖြစ်နေပါသည်။ |
| **စိုက်ပျိုး မွေးမြူရေး မဟုတ် သော အခြားဝင်ငွေရ လုပ်ငန်း များ**<br>• ကုန်ချောထုတ်လုပ်နိုင်မည့် ကုန်ကြမ်းများရှိနေခြင်း။ | • ကျေးရွာအတွင်းတွင် ကုန်ချော ထုတ်လုပ်နိုင်သော ကုန်ကြမ်း ပစ္စည်းများ ပေါများစွာ ထွက်ရှိနေခြင်းကလည်း ကုန်ချော ထုတ်လုပ်ငန်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး အိမ်နီးချင်းနိုင်ငံများတွင် သွားရောက် လုပ်ကိုင်ခြင်းမျိုး မဟုတ်ပဲ မိမိတို့ ဒေသတွင်းပင် လုပ်ကိုင်လိုစိတ်ရှိကြသည့် လူငယ်များ ရှိနေခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အား တစ်ခုပင်ဖြစ်သည်။ |
| **ငွေကြေးဝန်ဆောင်မှု**<br>• အစိုးရ ချေးငွေ အမျိုးအစား (၂) ခု အားရယူနိုင်ခြင်း။ | • ထို့အပြင် စပါးသီးနှံအတွက် ချေးငွေကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် တစ်သိန်းနှုန်းဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် (၆) လတစ်ခါ ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် မိမိတို့ စိတ်ပါဝင်စားသူ အစုများ စုဖွဲ့၍ မြို့နယ်သမဝါယမ အသင်းနှင့် ချိတ်ဆက်ကာ ချေးငွေ ရယူနိုင်မည့် နည်းလမ်းများ ရှိပါ သည်။ |
| **ပညာရေး**<br>• ပညာရေး ရန်ပုံငွေ ရှိခြင်း | • ရှမ်းဒွတ်ကျေးရွာတွင် မူလတန်းကျောင်း ရှိခြင်းကြောင့် မူလတန်းအဆင့် တတ်မြောက်သူဦးရေ များပြားလာခြင်း၊ ပညာရေး ရန်ပုံငွေဖြင့် အတန်းအလိုက် ထူးချွန် ကျောင်းသားများ၊ (၁၀) တန်း အောင်မြင်သူများ၊ ဂုဏ်ထူးရသူများ ဆုချီးမြှင့်ခြင်းနှင့် စီးပွားရေးအဆင်မပြေသော မိသားစုများမှ ကျောင်းသားများကို ထောက်ပံ့ပေးခြင်းများကလည်း ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် အလားအလာကောင်းများဟု ဆိုနိုင် ပေသည်။ |
| **ရေ အရင်းအမြစ်**<br>• သောက်သုံးရေ ဖူလုံမှု ရှိခြင်း | • ရှမ်းဒွတ်ကျေးရွာတွင် သောက်သုံးရေကို ကျေးရွာရှိ စိမ့်စမ်းရေသွယ်ယူခြင်းမှ ရရှိပြီး တစ်နှစ်ပတ်လုံး လုံလောက်ပါသည်။ ပြည့်စုံကောင်းမွန်သော သဘာဝသောက်သုံးရေအား လုံလုံလောက်လောက် ရရှိနိုင်ခြင်းသည် ကျန်းမာရေး နှင့် ပတ်သက်၍ အလွန် ကောင်းမွန်သည့် အထောက်အပံ့ တစ်ခု ဖြစ်သည့်အပြင် အချိန်ကုန် သက်သာသောကြောင့် ဝင်ငွေရ အလုပ်အကိုင်များအတွက် ကောင်းစွာအချိန်ပေးနိုင်သည် ဖြစ်ပါသည်။ |
| **လူငယ် နှင့် ယဉ်ကျေးမှု**<br>• လူငယ်များ သည် လူငယ် အသင်းအဖွဲ့ အနေဖြင့် လူကြီး များ၏ ဦးဆောင်မှု အောက်တွင် လုပ်ကိုင် ဆောင်ရွက် တတ်ခြင်း။<br>• မိသားစုကျေးရွာဖြစ်၍ မှုခင်း ကြီးကြီး မားမားမရှိခြင်း။ | • ကျေးရွာတွင် လူငယ်များအနေဖြင့် လူပျို-အပျိုအဖွဲ့နှင့် သာရေးနာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများ အတိုင်း ဝေယျာဝစ္စ လုပ်ခြင်း၊ လုပ်အား ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်သည်။ |

ဇယား (၄၄) ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး**<br>• အဖွဲ့အစည်းဆိုင်ရာ သဘော တရားများကို နားလည်မှု အားနည်းခြင်း။<br>• စွမ်းရည်မြှင့် ဝန်ဆောင်မှု အဖွဲ့များနှင့် အလှမ်းဝေးခြင်း။ | • ရှမ်းဒွတ်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်း အဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေး ကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခု နှင့် တစ်ခု ချိတ်ဆက် ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှု ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှု တစ်ရပ်ဖြစ် သည်။ |
| **သီးနှံ ထုတ်လုပ်ရေး**<br>• ရာဘာဈေးနှုန်း ကျဆင်းခြင်း<br>• အပင်မျိုးစိတ်များ ပျောက်ဆုံးလာခြင်း | • ကျေးရွာတွင် မြေယာတိုးချဲ့စိုက်ပျိုးရန် မြေယာဖော်ထုတ်မည့် နေရာများမရှိသောကြောင့် ဆင်းရဲသား မိသားစုများ အတွက် စိုက်ပျိုးထုတ်လုပ်ခြင်းမှ ဝင်ငွေရရှိမည့် အခွင့်အလမ်း နည်းပါးသွားပြီ ဖြစ်ပါသည်။ ထို့ပြင် လယ်သမားများ အနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုစုစည်းစည်း လုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့အထလည်း မရှိသည်ကို တွေ့ရသည်။ ရာဘာစိုက်ပျိုး ထုတ်လုပ်သော တောင်သူများသည် (၂၀၁၂) မှ စတင်၍ ဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် အကျိုးအမြတ်များ မရရှိတော့ သဖြင့် ထုတ်လုပ်ခြင်းကို ခေတ္တရပ်နား နေပါသည်။ ထို့ကြောင့် ရာဘာစိုက်ပျိုး ထုတ်လုပ်သူများ နှင့် ၎င်းလုပ်ငန်းကို မှီခိုနေသော ကျပန်း မိသားစုများအတွက် အလုပ်အကိုင် အခွင့်အလမ်း နှင့် ဝင်ငွေများ ထိခိုက်ခဲ့ရပါသည်။<br>• ရှမ်းဒွတ်ကျေးရွာပတ်ဝန်းကျင်ရှိ တောင်ကုန်းများကို ခုတ်ထွင်ရှင်းလင်း၍ ရာဘာ စိုက်ပျိုးခြင်းကြောင့် မြေဆီလွှာများ မျောပါ ဆုံးရှုံးခြင်း၊ လယ်မြေများတွင် သဘာဝမြေသြဇာ ပြန်လည်ထည့်သွင်းခြင်း မရှိခြင်း စသည်တို့ကြောင့် စိုက်ပျိုးမြေများတွင် မြေဆီသြဇာ ကြွယ်ဝမှုမှာ အသင့်အတင့်သာ ရှိပါသည်။ အထွက်ကောင်း စပါးမျိုးများကို စိုက်ပျိုးလာခြင်းကြောင့် ဓါတုမြေသြဇာ သုံးစွဲမှု မြင့်မားလာသည့်အတွက် နောင်တစ်ချိန်တွင် မြေဆီလွှာ ပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ရှိပါသည်။ တောတောင်များ ရှင်းလင်း၍ ရာဘာများ နေရာလပ်မကျန် စိုက်ပျိုးလာခြင်းကြောင့် အပင်မျိုးစိတ်များ ပျောက်ဆုံးလာခြင်းနှင့်တိရစ္ဆာန် မျိုးကွဲများ ရှင်သန်ရန် နေရာရှားပါးလာခြင်း စသည်ဖြင့် အရင်းအမြစ်များ၏ ထိခိုက်မှုမြင့်မားလာနေပါသည်။ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **တိရစ္ဆာန် မွေးမြူရေး**<br>• မွေးမြူရေး နည်းပညာ ဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း။ | • ဒေသကြက်များ ရောဂါဖြစ်ပွားမှုကို အချိန်မှီ မကာကွယ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်း၊ မွေးမြူရေး နည်းပညာ ဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း၊ အဆင့်မြင့် မွေးမြူရေး နည်းစနစ်များ အားနည်းခြင်းတို့ကလည်း မွေးမြူရေး လုပ်ကိုင်သူများအတွက် အဟန့်အတား တစ်ရပ်ဖြစ်သည်။ |
| **စိုက်ပျိုး မွေးမြူရေး မဟုတ် သော အခြားဝင်ငွေရ လုပ်ငန်း များ**<br>• အသက်မွေးဝမ်းကျောင်း ပညာများ တတ်မြောက်မှု အားနည်းခြင်း၊<br>• ရင်းနှီးငွေမရှိခြင်း။ | • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်း ပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း အတွက် နီးစပ်ရာ ကျေးရွာများ၊ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ရခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန် အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များ ရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။ |
| **ချေးငွေ ဝန်ဆောင်မှု**<br>• လက်ရှိရယူနေသော ချေးငွေ များသည် ကာလတို ချေးငွေ များဖြစ်၍ အကျိုးအမြတ် နည်းပါးခြင်း | • မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ်များ ရှိနေသော်လည်း လယ်စပါး စိုက်ပျိုးသူကိုသာ ထုတ်ချေးခြင်း၊ တင်းကျပ်သော စည်းကမ်း သတ်မှတ်ချက်များ နှင့် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များ ရှိနေဆဲ ဖြစ်သောကြောင့် ကာလရှည်ချေးငွေ အကူအညီ ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ လိုအပ်နေဆဲ ဖြစ်ပါသည်။ |
| **ကျန်းမာရေး**<br>• ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ အားနည်းခြင်း | • ရှမ်းဒွတ်ကျေးရွာတွင် အရံသားဖွားဆရာမ (၃) ဦး ရှိသော်လည်း ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ နှင့် ရောဂါလက္ခဏာများကို ကွဲပြားစွာ သိရှိနိုင်သည့် ဗဟုသုတများ အားနည်းခြင်းကြောင့် ရာသီအလိုက် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော ရောဂါများခံစားရသဖြင့် ကျန်းမာရေးကဏ္ဍတိုးတက်ရေးတွင်အဟန့်အတားဖြစ်စေနိုင်ပါသည် |
| **လူငယ် နှင့် ယဉ်ကျေးမှု**<br>• လူငယ်များ အတွက် ဦးဆောင်ပေးနိုင်မည့်သူ မရှိခြင်း<br>• သင်ယူလေ့လာရန် အခွင့်အလမ်း နည်းခြင်း | • လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှု အားနည်းကြပါသည်။ လူငယ်များသည် စုစုစည်းစည်းဖြင့် လုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရှိသော်လည်း ဦးဆောင်ပေးနိုင်မည့်သူ မရှိခြင်းနှင့် လူငယ်များအတွက် အသိပညာဗဟုသုတ ရှာဖွေရန် စာကြည့်တိုက် မရှိခြင်းတို့ကလည်း လူငယ်များ၏ သင်ယူ လေ့လာခွင့်များကို အဟန့်အတား ဖြစ်စေပါသည်။ |
| **သဘာဝ ဘေးအန္တရာယ်**<br>• သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်များ အားနည်းခြင်း | • ကမ်းရိုးတန်းဒေသ ဖြစ်၍ မုန်တိုင်းဖြစ်ပေါ်လာလျှင် ထိခိုက်ပျက်စီးမှုများဖြစ်လာနိုင်ပြီး ပုံမှန်ထက် မိုးရွာသွန်းမှုများသော အချို့နှစ်များတွင် ချောင်းရေလျှံခြင်းကြောင့် လယ်မြေများ အချိန် အတော်ကြာ ရေနစ်ဖုံးလွှမ်းခြင်းစသော ဘေးအန္တရာယ်များလည်း ကြုံတွေ့ရနိုင်ပါသည်။ |

နောက်ဆက်တွဲ (၃)

## ကျောင်းနိမ့်ကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| **ကဏ္ဍ-အဖွဲ့အစည်း** | | | | | | |
| ၁။ | • အဖွဲ့အစည်းများ ဆောင်ရွက်မှု အားနည်းခြင်း<br>• မိမိအဖွဲ့လိုက်ဆောင်ရွက်နေကြခြင်း | • ကျေးရွာအတွင်း အဖွဲ့အစည်း အချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်ရန် ဦးဆောင်ပေးမည့် အဖွဲ့မရှိခြင်း | • ကျေးလက်ဦး/စီး ကဲ့သို့ ကျေးရွာ ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်နေ သော ဌာနများရှိနေခြင်း | • အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှု အဖွဲ့များနှင့် အလှမ်းဝေးခြင်း | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ချိတ်ဆက် ဆောင် ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်း ဆောင်ရွက်ခြင်း | ၁။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်ရေး<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှုနှင့်ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး သင်တန်းများ |
| **ကဏ္ဍ-စိုက်ပျိုးရေး** | | | | | | |
| ၂။ | • လယ်မြေများ ရေကြီးနစ်မြုပ်ခြင်း<br>• စပါးအထွက်နှုန်း နည်းခြင်း | • ချောင်းမြောင်းများ ကောလာခြင်း၊<br>• ဘေးပတ်ဝန်းကျင် တောများ ပြုန်းတီးလာခြင်း၊<br>• ရေကြီးနစ်မြုပ်ခြင်း | • ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက် ပေးနေခြင်း<br>• မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပေး သင်တန်းများပို့ချနေခြင်း | • လယ်သမားများပူးပေါင်းဆောင်ရွက်မှုအားနည်းနိုင်ခြင်း<br>• တောင်သူများတက်ကြွစွာ ဆွေးနွေး၍ ပြန်လည် | • ချောင်းမြောင်းတူး ဖော်ခြင်း<br>• လယ်ကြားရေနုတ်မြောင်းများတူးဖော်ခြင်း၊<br>• အစိုးရဌာနသို့တင်ပြခြင်း | ၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ကျွမ်းကျင်မှုများတိုးတက်ရေး<br>• ရှမ်းဒွတ်ချောင်းအား ပြန်လည်တူးဖော်ခြင်း |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| | | • မျိုးကောင်းမျိုးသန့် များ ပြောင်းလဲသုံးစွဲမှု မရှိခြင်း၊<br>• နည်းပညာဗဟုသုတ အားနည်းခြင်း | | ကျင့်သုံးနိုင်မှု ခက်ခဲခြင်း၊ | • နည်းပညာရရှိရန်နည်းလမ်း ရှာဖွေခြင်း | • မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း<br>• စပါးအထွက်တိုးနည်း ပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ)<br>• စိုက်ပျိုးရေး သွင်းအားစု များ ဆက်သွယ်မှု ရရှိရန် အစိုးရဌာနသို့တင်ပြခြင်း |
| ၃။ | • ရာဘာဈေးနှုန်းနည်းခြင်းနှင့် တွက်ခြေမကိုက်ခြင်း | • ကုန်သည် ပေးသည့် ဈေးနှုန်းသာရခြင်း<br>• လုပ်သားရှားပါး လာခြင်းကြောင့် ဈေးနှုန်း မြင့်၍ ငှားရမ်းရခြင်း။ | • စက်မှုသီးနှံဦး စီးဌာနမှ ရာဘာ စိုက်ပျိုးသည့် နည်းပညာများဖြန့်ဝေ ပေးနေ ခြင်း၊<br>• မြို့နယ်ရာဘာ စိုက်ပျိုး ထုတ်လုပ်သူများအသင်း သည်ပုလောမြို့နယ်တွင်ဖွဲ့ စည်းထားခြင်း။ | • ရာဘာဈေးနှုန်းပြန်လည် မြင့်တက်လာမှ သာ တောင်သူ များ စိတ်ပါ ဝင်စားမှုမြင့် တက်လာ နိုင်ခြင်း။ | • ဈေးကွက်နှင့်ပက်သက် သော အချက်အလက်များ ဖြန့်ဝေပေးနိုင်မည့်နည်း ပညာပေးအဖွဲ့များနှင့်ချိတ် ဆက်ခြင်း။<br>• လိုအပ်သော နည်းပညာ များ အတွက် သင်တန်းများ ပြုလုပ်ခြင်း။ | ၃။ရာဘာထုတ်လုပ်မှုဖွံ့ဖြိုး ရေး<br>• ဈေးကွက်နှင့်ပက်သက် သော အချက်အလက်များ ဖြန့်ဝေ ပေးနိုင်မည့် နည်းပညာပေး အဖွဲ့များ နှင့်ချိတ်ဆက်ခြင်း။<br>• လိုအပ်သော နည်းပညာ များအတွက် သင်တန်းများ ပြုလုပ်ခြင်း။<br>• ဈေးကွက် နှင့် သတင်း ချိတ်ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၄။ | • စိုက်ပျိုးရေးအတွက် အရင်းအနှီးမတတ်နိုင်ခြင်း | • ဝင်ငွေနည်းခြင်း။ | • ချေးငွေရနိုင်မည့်သမဝါယမ အသင်းများ ထူထောင်ခြင်း | • ချေးငွေပေးနိုင်မည့်အတိုင်း အတာ အကန့် အသတ်ရှိနိုင်ခြင်း | • ချေးငွေရနိုင်မည့်အဖွဲ့ အ စည်းများဖြင့် ချိတ်ဆက်ခြင်း | ၄။ ထိရောက်သော ချေးငွေ ဝန်ဆောင်မှုများအား လက်လှမ်းမီရေး<br>• ချေးငွေရနိုင်မည့်အဖွဲ့ အ စည်းများဖြင့် ချိတ်ဆက် ခြင်း |
| **ကဏ္ဍ-မွေးမြူရေးနှင့်ရေလုပ်ငန်း** | | | | | | |
| ၅။ | • စီးပွားဖြစ်မမွေးမြူနိုင်ခြင်း | • မိရိုးဖလာနည်းလမ်းဖြင့် သာ မွေးမြူနေခြင်း။<br>• ခေတ်မီနည်းပညာ မသိရှိခြင်း<br>• အရင်းအနှီးမလုံလောက်ခြင်း | • ချေးငွေရနိုင် မည့် သမဝါယမအသင်းများ ထူထောင်ခြင်း။<br>• မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သင်တန်းများပေး၍ မွေးမြူရေး လုပ်သားများ မွေးထုတ်နေခြင်း | • အဆင့်မြင့်မွေးမြူရေး နည်းစနစ်အားနည်း ခြင်း။<br>• မွေးမြူရေးနည်းပညာဝန်ဆောင်မှုအကန့် အသတ်ရှိခြင်း။ | • မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း(သို့)<br>• နည်းပညာပေးနိုင်သော အဖွဲ့အစည်း၊ပညာရှင်များအား ဖိတ်ကြား၍ ဆွေးနွေးခြင်း | ၅။မွေးမြူရေးလုပ်ငန်း တိုးတက်လုပ်ကိုင်လာရန် အခြေနေကောင်းများ ဖန်တီးရေး<br>• နည်းပညာဂန်ဆောင်မှု နှင့် သင်တန်းများ ပံ့ပိုးပေးခြင်းဖြင့် မွေးမြူရေးထွက်ကုန် မြင့်မားစေခြင်း။<br>• မြို့နယ် မွေးကုဌာနနှင့် ချိတ်ဆက်ခြင်း<br>• မွေးမြူရေး ထုတ်လုပ်ရေး အတွက် ဈေးကွက် ချဲ့ထွင်မှု ရရှိရန် လုပ်ဆောင်ခြင်း |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| **ကဏ္ဍ - စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအခြား ဝင်ငွေတိုးလုပ်ငန်းများ** | | | | | | |
| ၆။ | • အလုပ်အကိုင်ရှားပါးခြင်း | • ပညာတတ်နည်းခြင်း<br>• လူဦးရေများပြီးဥယျာဉ်ခြံနည်းခြင်း၊ကုန်ကြမ်းများကိုသာ ရောင်းချရခြင်း၊<br>• ဝင်ငွေရသီးနှံများ စိုက်ပျိုးမှုနည်းခြင်း၊<br>• ဒေသနှင့်သင့်တော်သောဝင်ငွေရအသက်မွေးဝမ်းကျောင်းပညာ မရှိခြင်း၊ (ဥပမာ- စက်ဘီး၊ ဆိုင်ကယ်၊ ဝပ်ရှော့ပြင်ဆိုင်) | • ကျေးရွာအတွင်းရှိ လူငယ်များသည် မိမိတို့ဒေသတွင်ပင်လုပ်ကိုင်လိုစိတ်ရှိကြသည်။<br>• ကျေးရွာအတွင်းတွင် ကုန်ချောထုတ်လုပ်နိုင်သော ကုန် ကြမ်းပစ္စည်းများ ရှိနေသည် (ပိန္နဲ၊ နာနတ်၊ချဉ်ပေါင်၊ဒူးရင်း စသည်) | • နီးစပ်ရာကျေးရွာ များသို့ သွားရောက် လုပ်ကိုင်ရန် ယာဉ်မရှိ(ဆိုင်ကယ်)<br>• ချေးငွေကို လက်လှမ်းမှီမှု မရှိ<br>• ကျေးရွာအတွင်းစွန့်စားတီထွင် ထုတ်လုပ်ရန် ဆန္ဒမရှိကြချေ။<br>• ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ရန် နည်းပညာ မရှိကြချေ။ | • ကျောင်းသားမိဘနှင့် ဆရာများ ပူးပေါင်းပြီး အထက် တန်း အောင်မြင်မှုရာနှုန်း များလာရန်ကြိုးစားခြင်း၊<br>• တန်ဖိုးမြင့် ထုတ်ကုန် များထုတ်လုပ်ရန်အတွက် သင်တန်းများပေးခြင်း၊<br>• အသက်မွေးဝမ်းကြောင်း သင်တန်းများအတွက် စီစဉ်ခြင်း။ | ၆။ အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး<br>• ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း ဆိုင်ရာကျွမ်းကျင်မှု သင်တန်းပေးခြင်း၊<br>• အသေးစားကုန်ထုတ် လုပ်သူများအဖွဲ့ဖွဲ့စည်းရေး နှင့် အကောင်အထည်ဖော် ရေး။<br>• တစ်နိုင်တစ်ပိုင် ကုန်ချော ထုတ်လုပ်ခြင်း နည်းပညာ တိုးတက်ဖွံ့ဖြိုးရေး<br>• ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်း ခြင်း နှင့် လုပ်ငန်း အကောင် အထည် ဖော်ခြင်း |
| **ကဏ္ဍ - ပညာရေး** | | | | | | |
| ၇။ | • ကျောင်းအိမ်သာ၊ ကျောင်းပရိဘောဂ၊ ကျောင်းဆရာ၊ ဆရာမ လုံလောက်မှု မရှိခြင်း | • ကျောင်းသားဦးရေများလာခြင်း။<br>• အထောက်အပံ့ပစ္စည်းနည်းပါးလာခြင်း | • ကျောင်းကော်မတီမှ မြို့နယ်ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်ပြီးတင်ပြဆွေးနွေးခြင်း။ | • ကျောင်းသားမိဘများ ပူးပေါင်း ပါဝင်မှု အားနည်းခြင်း၊<br>• ပညာရေး ကုန်ကျ စရိတ် | • ကျောင်းသား၊မိဘ၊ဆရာ နှင့် အုပ်ချုပ်ရေးမှူး သုံး ပွင့်ဆိုင် အနည်းဆုံး နှစ် လတစ်ကြိမ် တွေ့ဆုံခြင်း။ | ၇။ကျေးရွာ၏ ပညာတတ်မြောက်မှုတိုးတက်ရေး<br>• ဆရာဆရာမဦးရေ ပြည့်စုံရန် |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၈။ | • ကျောင်းသားများ၏အထက်တန်း ပညာ အောင်မြင်မှု ရာနှုန်း နည်းခြင်း | • အလယ်တန်းအဆင့်တွင် ကျောင်းသား များ အခြေခံမခိုင်ခြင်း။<br>• ဒေသခံ ဆရာ၊ ဆရာမများ မရှိခြင်း<br>• ကျောင်းသား၊မိဘ နှင့် ဆရာ၊ ဆရာမ များ တွေ့ဆုံမှု အားနည်းခြင်း | • ကျေးရွာတွင် အစည်းအဝေးလုပ်၍ လိုအပ် သော ဆရာ၊ဆရာမငှားရမ်းခြင်း၊<br>• ကျေးရွာပညာရေးရံပုံငွေ တစ်ရပ်ထူထောင်ခြင်း။<br>• ကျေးရွာ ရပ်မိ၊ ရပ်ဖများ၊ ဖွံ့ဖြိုးရေး ကော်မတီဝင်များမှ ဖြေရှင်းလိုခြင်း | သုံးစွဲရန် ခက်ခဲခြင်း | • ကျောင်းကော်မတီမှ ချမှတ်ထားသော တာဝန်၊ ဝတ္တရားအတိုင်းလုပ်ဆောင်ရန်အတွက်အုပ်ချုပ်ရေးမှူး အပိုင်းမှ ကူညီပံ့ပိုး ပေးခြင်း။ | • ကျောင်း ပရိဘောဂများ ပြည့်စုံရန်<br>• မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန်<br>• ပညာရေး ကော်မတီ ဖွဲ့စည်းပြီး အထက်တန်း အောင်နှုန်း မြင့်မားရေး လုပ်ဆောင်ရန် |
| **ကဏ္ဍ - ကျန်းမာရေး** | | | | | | |
| ၉။ | • ကျန်းမာရေးဆိုင်ရာ ဗဟုသုတ အားနည်းခြင်း | • အရေးပေါ်ကျန်းမာရေး အတွက် လုံခြုံ စိတ်ချရမှု မရှိခြင်း။<br>• ကျန်းမာရေးဆေးခန်း၊ အဆောက်အဦးရှိသော်လည်း သားဖွားဆရာမ မရှိခြင်း<br>• ကျန်းမာရေးဆိုင်ရာ အသိပညာပေး သင်တန်းများမရှိခြင်း | • ကျန်းမာရေးသင်တန်းများ (အရံသားဖွား သင်တန်း) များတက် ရောက်ရန် လူငယ်၊ လူရွယ်များ ရှိခြင်းနှင့် စိတ်ပါဝင်စား မှုရှိခြင်း | • ကျန်းမာရေးဦးစီးဌာန နှင့်ချိတ်ဆက်ဆောင်ရွက်မှု အား နည်းခြင်း | • ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျန်းမာရေး ဝန်ထမ်းများတောင်းခံခြင်း<br>• ကျန်းမာရေးဆိုင်ရာဗဟုသုတရစေမည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း<br>• ကျေးလက်ကျန်းမာရေး ဌာနခွဲဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းခြင်း | ၈။ကျန်းမာရေးဝန်ဆောင်မှု များအား လက်လှမ်း မီရေး<br>• ကျန်းမာရေး ဦးစီးဌာန နှင့်ချိတ်ဆက်ခြင်း<br>• ကျန်းမာရေး ဝန်ထမ်းများ တောင်းခံခြင်း အတွက် တင်ပြခြင်း<br>• ကျန်းမာရေးဝန်ဆောင်မှု များအား လက်လှမ်း မီမှု တိုးတက်ရေး |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| | | | | | | • ကျန်းမာရေး အသိ ပညာ ပေး ဟောပြောပွဲများ စီစဉ်ခြင်း |
| **ကဏ္ဍ - လမ်း၊ တံတား၊ ဆက်သွယ်ရေး၊ သတင်း အချက်အလက်** | | | | | | |
| ၁၀ | • တစ်နှစ်ပတ်လုံး သွားလာမှုပိုမိုကောင်းမွန်လိုခြင်း | • တံတားများကားသွား၍ မရခြင်း<br>• မိုးရာသီတွင် လမ်းမကောင်းခြင်း | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်း၊တံတားများ ကောင်းမွန်လာရန် ဦးစီးလုပ်ဆောင်နေခြင်း။<br>• ကျေးရွာမှ လုပ်အားဖြင့် ပါဝင်ပေးနိုင်ခြင်း။ | • ကျေးရွာမှ ငွေကုန်ကြေးကျ မတတ်နိုင်ခြင်း။<br>• အနီးအနားကျေးရွာများ ပါပူးပေါင်း ပါဝင် လာရန် စည်းရုံးမှု စွမ်းရည်လိုအပ်ခြင်း | • ရေနုတ်မြောင်းများတူးဖော်ပေးရန်<br>• လမ်းတံတား ထိန်းသိမ်းရေး လုပ်ငန်းများ ပြုလုပ်ရန်၊<br>• ကွန်ကရစ်တံတား ဆောက်ရန်<br>• ကွန်ကရစ်/ကတ္တရာလမ်း ဖောက်လုပ်ရန် | ၉။လမ်း၊တံတားပိုမိုကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းခြင်း။<br>• လမ်း၊တံတားကော်မတီဖွဲ့စည်းခြင်း<br>• ကွန်ကရစ်တံတားဆောက်ရန်<br>• ကွန်ကရစ်/ကတ္တရာလမ်း ဖောက်လုပ်ရန်ရေနုတ်မြောင်းများတူးဖော်ပေးရန်<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသို့ တင်ပြခြင်း |
| ၁၁ | • ဖုန်းဆက်သွယ်ရေး အခက်အခဲရှိခြင်း | • ဖုန်းလိုင်းမမိခြင်း | • ဖုန်းကွန်ယက်ချဲ့ထွင်နေသည့် ကုမ္ပဏီများ ရှိနေခြင်း | • ကုမ္ပဏီများမှရင်းတို့စီးပွားရေးအရအကျိုးအမြတ် မရှိလျှင်လာရောက် ရင်းနှီးမြှုပ်နှံဖို့ ခက်ခဲခြင်း။ | • ဆက်သွယ်ရေး တာဝါတိုင်များထူထောင်ရန် အတွက်သက်ဆိုင်သည့် နေရာများနှင့် ချိတ်ဆက်ခြင်း။ | |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၁၂ | • သတင်းအချက်အလက် ရရှိမှုအားနည်း ခြင်း | • သတင်းစာ မရောက်ရှိခြင်း၊<br>• ဂျာနယ်များမရောင်းချခြင်း၊<br>• အင်တာနက်ဆက်သွယ်မှု မရရှိခြင်း။ | • ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန သည် ပြည်သူ များအား သတင်းအချက်အလက် များအားဖြန့်ဝေပေးနေခြင်း၊ | • စာကြည့်တိုက် အဆောက် အအုံ တည်ဆောက်ရန် နှင့် စာကြည့်တိုက်မှူး ခန့် ထားရန် ကျေးရွာမှမတတ် နိုင်ခြင်း၊ | • သတင်းစာ၊ဂျာနယ်များ ဖတ်ရှုရန် တိုက်တွန်းခြင်း<br>• သတင်းစာ၊ဂျာနယ်များ ရောင်းချခြင်း၊<br>• စာကြည့်တိုက်ထူထောင်ခြင်း | ၁၀။ကျေးရွာစာကြည့်တိုက် တစ်တိုက်ထူထောင်ရန် |
| **ကဏ္ဍ-လျှပ်စစ်မီးရရှိရေး** | | | | | | |
| ၁၃ | • လျှပ်စစ်မီးမရရှိ ခြင်း | • အိမ်ထောင်စု အများစု သည် ဆင်းရဲပြီး အရင်း အနှီး မရှိခြင်း<br>• အရင်းအနှီး ရှိသူအချို့မှ လည်း လုံလောက်သော ငွေကြေးမစိုက်ထုတ်နိုင် ခြင်း၊ | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန သည် ဆိုလာမီးဖြင့် ကျေး ရွာ မီးလင်းရေးလုပ် ငန်း များ ဆောင်ရွက်နေခြင်း | • လိုအပ်ချက်ရှိနေသော ကျေးရွာတိုင်းကို ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှဖြည့်ဆည်း ပေးရန် ခက်ခဲခြင်း။ | • ကျေးရွာမီးလင်းရေးကော်မ တီဖွဲ့စည်းခြင်း၊<br>• ကျေးရွာမှကိုယ်ထူကိုယ်ထ မီးလင်းရေးလုပ်ဆောင်ခြင်း<br>• ပြင်ပမှလုပ်ငန်းရှင်များ အား ဖိတ်ခေါ်ခြင်း၊<br>• အစိုးရဌာနနှင့်ချိတ်ဆက်ေ ောင်းဆိုခြင်း။ | ၁၁။ ကျေးရွာ မီးလင်း ရေး အတွက် ဆောင်ရွက် ခြင်း။<br>• ကျေးရွာမီးလင်းရေးကော် မတီဖွဲ့စည်းရန်။<br>• ကျေးရွာမှကိုယ်ထူကိုယ်ထ မီးလင်းရေးလုပ်ဆောင် ခြင်း၊<br>• ပုလောမြို့နယ်မှလျှပ်စစ်မီး ပေးသော အဖွဲ့နှင့် ဆက် သွယ် ဆောင်ရွက်ရန်။ |
| **ကဏ္ဍ-လူငယ်နှင့်ယဉ်ကျေးမှု** | | | | | | |
| ၁၄ | • ကျေးရွာလူငယ်များ စုစည်းဆောင်ရွက်မှု အားနည်းခြင်း။ | • လူကြီးများမှ လူငယ်များအား ဦးဆောင် ခေါ်ယူမှု အားနည်းခြင်း<br>• လူငယ်များ ပညာတတ် မြောက်မှုနည်းခြင်း | • လူငယ်များသည် ရွာ၏ သာရေး နာရေးလုပ်ငန်း များတွင် ပူးပေါင်း ဆောင်ရွက် သည့် အလေ့အထမရှိခြင်း | • လူငယ်များ အတွက် လက်ရှိတွင် အရည်အချင်း ကို အမြန် ပြုစု ပျိုးထောင် ရန် ခက်ခဲခြင်း | • လူကြီးများမှ ဆွဲခေါ်နေရာ ပေးရန် လိုအပ်ခြင်း။<br>• လူငယ်ပိုင်းတွင်ခေါင်း ဆောင်သူ လိုအပ်ခြင်း၊<br>• လူငယ်များအတွက် သင် တန်းများလိုအပ်ခြင်း။ | ၁၂။ကျေးရွာလူငယ်များ၏ အခန်းကဏ္ဍ ဖွံ့ဖြိုး အောင်လုပ်ဆောင်ရေး<br>• အခြေခံ ခေါင်းဆောင်မှု သင်တန်း<br>• အဖွဲ့အစည်း စီမံခန့်ခွဲမှု သင်တန်း |

## ကိုးကားစာရင်း

၁။ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊၂၀၁၅၊မေ၊

၂။ ထားဝယ်မြို့နယ်၊ ရှမ်းဒွတ်ကျေးရွာတွင်၂၀၁၅ ဩဂုတ်လတွင်ကျင်းပခဲ့သော ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊

# အပိုင်း (ခ)စီမံချက်ဆိုင်ရာ အချက်အလက်

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

<table>
<tr><td colspan="2">ကျေးရွာ -<br>ကျေးရွာအုပ်စု -<br>မြို့နယ် -<br>တိုင်းဒေသကြီး / ပြည်နယ် -</td></tr>
<tr><td colspan="2">စီမံချက်အမည် -</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ</td></tr>
<tr><td colspan="2">စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)</td></tr>
<tr><td colspan="2">စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ် (ကျပ်)</td><td>ထည့်ဝင်မည့် အစီအစဉ်</td></tr>
<tr><td>• ……………………(ငွေသား)<br>• ……………………..(ငွေသား)<br>• ………………………(ပစ္စည်း/လုပ်အား)<br>•</td><td>• ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ<br>•</td></tr>
</table>

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့် ဦးရေ | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား) |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း |
| (၃) စီမံချက်ပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |